မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်း သည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်း သည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြု ခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၅)

၁၃၈၆ ခုနှစ်၊ ပြာသိုလကွယ်နေ့
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွား မည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ် လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည်

စာ - ၁၄ သို့

# အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၇

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲအခမ်း အနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wydham Grand Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည် ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် **စာမျက်နှာ ၁၇ ကော်လံ ၁ ❍**





## နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကျင်းပ

စာ - ၅ သို့

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူ နိုင်ရေး အသိပေးကြေညာခြင်း

စာ - ၁၅ သို့

**ဆောင်းပါး**

## နိုင်ငံ့စီးပွားမြှင့်တင်ခြင်းနှင့် MSME များ၏ အခန်းကဏ္ဍ

စာ - ၁၃ သို့





သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပြီး သွားနာ၊ သွားကိုက်ခြင်းမှ ကင်းဝေးစေပါသည်။

ထာဝရလှပသောအပြုံးအတွက် DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်)

# စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လုံးဝလွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်စတင်ရပ်တည်နိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိသည်နှင့် နိုင်ငံတော်က ကျင့်သုံးခဲ့သောစနစ်မှာ ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။ အဆိုပါစနစ်သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဦးတည်၍ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ကိုလိုနီခေတ်တွင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် နိုင်ငံရေးလုပ်သူအချို့သည် ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကိုဝိုင်းဝန်းတည်ဆောက်ကြရမည့်အစား အကြောင်းအမျိုးမျိုးပြကာ လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ခဲ့သူများရှိသည်။

လက်နက်စွဲကိုင်ကာ အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ပြီး ပြည်သူလူထုကို အကြောက်တရားဖြင့်လွှမ်းမိုးခဲ့ကြသည်။ လက်နက်ကိုင်များကြီးစိုးသည့်ဒေသများတွင် ပြည်သူတို့၏လူနေမှုဘဝနှင့်စိတ်လုံခြုံမှုမရှိသည့်အပြင် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုမှာလည်းနိမ့်ကျခဲ့ရသည်။

တပ်မတော်သည် ထိုစဉ်ကာလမှစ၍ ယနေ့တိုင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူလူထုနှင့်လက်တွဲကာ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေးစနစ်များအနေဖြင့် ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်စသည်ဖြင့် မည်သို့ပင်ပြောင်းလဲကျင့်သုံးစေကာမူ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို မပျက်မကွက်လုပ်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံရေးစနစ်အပြောင်းအလဲများတွင် တပ်မတော်သည် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးတာဝန်ကိုထမ်းဆောင်ခဲ့သည်သာဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအမြန်ရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလျင်အမြန်ရေးဆွဲကာ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ကျင့်သုံးခဲ့ကြသည်။ ဒီမိုကရေစီစနစ်ကို ပီပြင်စွာကျင့်သုံးနိုင်မှုမရှိသဖြင့် ၁၉၇၄ ခုနှစ်တွင် တစ်ပါတီပုံစံကိုအခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုပြဋ္ဌာန်းကာ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ထောင်ခဲ့ကြပြန်ပေသည်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ဖြစ်ပေါ်လာသည့်အခြေအနေအရပ်ရပ်ကြောင့် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ရပ်ဆိုင်းသွားခဲ့ရသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်သူများ၏လိုအင်ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့်ဈေးကွက်စီးပွားရေးစနစ်တို့ကို မိမိနိုင်ငံနှင့်လိုက်လျောညီထွေမှုရှိစွာ ထူထောင်နိုင်ရန် ကြိုးပမ်းတည်ဆောက်ပေးခဲ့ပေသည်။ အနာဂတ်နိုင်ငံတော်တွင် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်မရှိမဖြစ်လိုအပ်သည့်အတွက် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ အမျိုးသားညီလာခံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဥပဒေရေးရာ စသည့်ရှုထောင့်မျိုးစုံမှ အတွေ့အကြုံကြွယ်ဝသည့် ပုဂ္ဂိုလ်များပါဝင်သကဲ့သို့ နိုင်ငံအတွင်းတည်ရှိသည့်မြို့နယ်အားလုံးမှ တိုင်းရင်းသားကိုယ်စားလှယ်များလည်းပါဝင်ခဲ့သည်။ အဆိုပါအမျိုးသားညီလာခံကရရှိခဲ့သော အခြေခံမူများအပေါ်မူတည်၍ ဥပဒေပညာရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆက်လက်ရေးဆွဲပြီး ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ရာတွင် အစိုးရသက်တမ်းနှစ်ဆက်ပြီးနောက် တတိယအစိုးရသက်တမ်းအတွက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှု၊ မဲမသမာမှုပေါင်းများစွာပြုလုပ်ခဲ့သောကြောင့် အရေးပေါ်အခြေအနေပေါ်ပေါက်လာကာ တပ်မတော်က နိုင်ငံတော်ကိုဦးဆောင်ခဲ့ရသည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍသည် အဓိကနေရာတွင်ပါဝင်သည်။ "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။ နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်"ဟူ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅ တွင်ပြဋ္ဌာန်းထားသည်။

ထို့ပြင် "ပုဒ်မ ၄၀၇ တွင် နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့်ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ ပုဒ်မ ၄၀၇(ခ) နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသောသောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ်ကြေညာခံထားရသောအဖွဲ့အစည်းနှင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း" ဟူ၍ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ နိုင်ငံတော်ကတရားဝင်အသိအမှတ်ပြုထားသည့် ပါတီများအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# မိုးနဲမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

မိုးနဲ ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ပြည်သူများမီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် အခြင်အတွယ်မှန်ကန်စေရေး ရည်ရွယ်၍ စက်သုံးဆီအရောင်းဆိုင်များကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများစုပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိဦးခွန်မောင်ဟိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းစိုးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အဆင်သင့်ဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများကို အသိပညာပေးဆွေးနွေးကြသည်။

ထို့နောက် ပြည်သူများ စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် အခြင်အတွယ်မှန်ကန်စွာဝယ်ယူသုံးစွဲနိုင်ရေးအတွက် စံနှုန်းကိုက် အခြင်အတွယ်များဖြင့် တိုင်းတာခြင်းလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ပြီး လိုအပ်ချက်များကို မှာကြားဆွေးနွေးကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မင်းလှမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး

မင်းလှ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချစေရန်ရည်ရွယ်၍ ဇေယျာသီရိဈေး၌ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များဖြန့်ဝေပေးခြင်းကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန်အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ငှက်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်သည်။

ဆက်လက်၍ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးနှင့်ပတ်သက်ပြီး အသိပညာပေးပြောကြားကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၂၅ (အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ကျန်းမာသုတ
၇။ ၁၃:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၈။ ၁၄:၀၀ Sharing Knowledge
၉။ ၁၅:၀၀ မြန်မာသံစဉ် ချိုနှားဝင်
၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
၁၁။ ၁၇:၀၀ မှတ်သားလိုက်နာ ပုံပမာ
၁၂။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၁၃။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ သောဝစသတော**

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ သီးနှံဝင်ငွေရရှိသဖြင့် သီးနှံဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို အထောက်အကူပြုစေမည်ဖြစ်



ပွင့်ဖြူ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ သီးနှံဝင်ငွေရရှိသဖြင့် သီးနှံဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ပြောကြားချက်အရ သိရသည်။

"ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ မုန်းချောင်းရေ၊ မြေအောက်ရေတို့နဲ့ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် တစ်နိုင်တစ်ပိုင်စားဖို ဆောင်သီးနှံ ပန်းမုန်လာစိုက်ပျိုးရေး လုပ်ငန်းကို အားထားစိုက်ပျိုးကြပါတယ်။ အခုဆိုရင် တောင်သူတွေ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြတဲ့ ပန်းမုန်လာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာမှာလည်း ဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြတယ်။ ပန်းမုန်လာစိုက်ပျိုးရေး လုပ်ငန်းမှာ အဖြူမျိုးနဲ့ အစိမ်းမျိုးဆိုပြီး နှစ်မျိုးရှိတယ်။ အဖြူမျိုးက တစ်ပွင့်တည်းသာပွင့်ပြီး အစိမ်းမျိုးက အနည်းဆုံးနှစ်ပွင့်၊ သုံးပွင့်အထိ ဆွတ်ခူးရောင်းချရပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးရာမှာ ဝယ်ယူစားသုံးကြတဲ့ ပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်နဲ့ စိုက်ပျိုးတာကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိပြီး အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ သန့်ရှင်းလတ်ဆတ်မှုရှိတဲ့အတွက် ဈေးကွက်မှာ ရောင်းအားကောင်းမွန်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် ပိန္နဲတောကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။

ပန်းမုန်လာစိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ဆွတ်ခူးရောင်းချရကြောင်းနှင့် ပွင့်ဖြူမြို့နယ်ဒေသထွက် ပန်းမုန်လာများသည် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးကြသဖြင့် သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်၍ ဈေးကွက်အတွင်း ရောင်းအားကောင်းမွန်လျက်ရှိကာ မင်းဘူးနှင့် မကွေးမြို့တို့သို့လည်း တင်ပို့ရောင်းချနေရကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် စိုက်ပျိုးတောင်သူများ၊ ဆက်စပ်လုပ်ကိုင်သူများနှင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြန်မာ့လက်ဖက်စားသုံးသည့်ဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုသို့ တင်သွင်းမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာ့လက်ဖက်စားသုံးသည့် ဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုသို့ တင်သွင်းမည်ဖြစ်ကြောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

လက်ဖက်ကို တရုတ်နိုင်ငံအပါအဝင် တခြားနိုင်ငံများ၌လည်း စိုက်ပျိုးကြပြီး လက်ဖက်အခါးခြောက်၊ အချိုခြောက် စသည်ဖြင့် သုံးစွဲလေ့ရှိကြောင်း၊ လက်ဖက်အစိုကို စားသုံးသောဓလေ့မှာမူ မြန်မာနိုင်ငံ၌သာရှိသည့်အတွက် ဒြပ်မဲ့ယဉ်ကျေးမှုစာရင်း ဝင်ရောက်နိုင်ရန် ယူနက်စကိုသို့ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

"လက်ဖက်ခြောက်က တရုတ်နိုင်ငံအပြင် တခြားနိုင်ငံတွေမှာ အဖန်ရည်အဖြစ် သောက်သုံးကြတယ်။ လက်ဖက်အစိုကိုတော့ မြန်မာနိုင်ငံမှာပဲ အဓိက စားသုံးကြပါတယ်" ဟု မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်ကပြောသည်။

လက်ဖက်အစို စားသုံးသည့်ဓလေ့ တွင်ကျယ်စေရန် လက်ဖက်လုပ်ငန်းလုပ်ကိုင်သူတချို့ကလည်း အနောက်နိုင်ငံတချို့၌ ဆလပ်ပုံစံအတွင်း ထည့်သွင်းရောင်းချရန် တင်ပို့ရလေ့ရှိကြောင်း၊ လတ်တလောတွင် မြန်မာနိုင်ငံ၌ အမျိုးသားအဆင့် ဒြပ်မဲ့စာရင်းအဖြစ် သတ်မှတ်ထားသည့် အမွေအနှစ်ပေါင်းနှစ်ထောင်ကျော်ရှိရာ ကြိုးကြီးချိတ်အပါအဝင် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းများကို နှစ်စဉ်ဆက်လက်တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်က ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ခဲ့ရာ ဒုတိယအကြိမ်အဖြစ် လာမည့်မတ်လတွင် မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်သည့်ဓလေ့အား ယူနက်စကိုသို့ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ခန့်**

# မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုနှင့် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များသိရှိစေရေး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ကြောက်မက်ဖွယ်ရာဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် လူနေမှုဘဝပေါင်းများစွာတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးရမှုများ၊ ကွမ်းစားခြင်းနှင့် ဆေးလိပ်သောက်ခြင်း မှဖြစ်တတ်သော ကျန်းမာရေးဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များနှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း မူးယစ်ဆေးဖြတ်လူနာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ စသည်ဖြင့် လူငယ်များအား မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး အကျယ်တဝင့်အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးစွဲလူနာ ၃၀၉ ဦးကို မူးယစ်ဆေးဖြတ်နိုင်ရေး စီစဉ်ပေးနိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၂၀၁ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာနောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ မူးယစ်ဆေးစွဲလူနာ ၂၄ ဦးကို မူးယစ်ဆေးဖြတ်နိုင်ရေး စီစဉ်ပေးနိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၃၂ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျောင်းပိတ်မည့်ညနေ၌ ဆရာရွှေမှန်သည် ကျွန်ုပ်တို့အား အင်္ဂလိပ်ဝတ္ထုများဖတ်ခြင်းအားဖြင့် အင်္ဂလိပ်ဘာသာ ကောင်းကောင်းတတ်အောင် ကြိုးစားကြဖို့ ဟောပြောပြီးနောက် ကျောင်းဆင်းသောအခါတွင် အင်္ဂလိပ်ဝတ္ထုစာအုပ်ငှားလိုသူများအား သူ၏အိမ်သို့ လိုက်ခဲ့ရန်ခေါ်သွားလေရာ ကျွန်ုပ်နှင့်တခြားကျောင်းသား လေးငါးယောက်လိုက်သွားကြ၏။ ကျန်လူများက မလိုက်ဘဲ ချန်နေရစ်ခဲ့ကြလေသည်။ လိုက်သွားသူများအနက်တွင် ကိုဖေ၊ မောင်ရီနှင့် စက်ခွေတို့ ပါဝင်ကြသည်။ စင်စစ်မှာ ကျွန်ုပ်နှင့် ဤသူငယ်ချင်းသုံးယောက်သည် အင်္ဂလိပ်ဘာသာတွင် အားကျမခံ အပြိုင်အဆိုင်ကြိုးစားကြသူများ ဖြစ်လေသည်။ ဤအကြောင်းကို ပြန်လည်သုံးသပ်သည့်အခါ ကျွန်ုပ်တို့လေးယောက်အား ခင်မင်ရင်းနှီးအောင် ချည်နှောင်ပေးသောအခြင်းအရာသည်ကား အင်္ဂလိပ်ဘာသာရပ်၌ စိတ်ဝင်စားသည့်အထုံအလေ့ချင်း တူညီမှုပင် ဖြစ်ဟန်ရာချေသည်။

(မြင်းသမားအချင်းချင်း၊ ဂီတသမားအချင်းချင်း ရင်းနှီးတတ်ကြသကဲ့သို့ပင်။)

## ကောင်းလိုက်သည့်စာအုပ်

ကျွန်ုပ်ယူခဲ့မိသောစာအုပ်မှာ ချားလ်စ်ဒစ်ကင်းရေးသည့် ဘာနဘီရတ်ချ (Burnaby Rudge) စာအုပ်ဖြစ်လေရာ ကျွန်ုပ်သည် ၎င်းဝတ္ထုကို ကြိုးစား၍ဖတ်ပါသော်လည်း အရသာခံနိုင်လောက်အောင် ပြည့်စုံစွာ နားမလည်သည်တစ်ကြောင်း၊ ဝတ္ထုအဆင့်အတန်းကလည်း (ကျွန်ုပ်၏အရွယ်နှင့်မလိုက်အောင်) မြင့်လွန်းသည်တစ်ကြောင်းကြောင့် ၎င်းဝတ္ထုစာအုပ်ကိုချထား၍ ကိုဖေထံမှ ပသီပုံပြင်ဝတ္ထုကိုငှားရမ်းဖတ်ရှုလေသည်။ ပသီပုံပြင်ဝတ္ထုကောင်းလိုက်ပုံကား ပြောမကုန်နိုင်အောင်ရှိပါတော့၏။ လွန်ပွဲ၌ ဆုံခဲ့ဖူးသော မိန်းကလေးနှင့်သမီးရည်းစား မဟုတ်ငြားသော်လည်း စိတ်ထဲ၌ချစ်ကြိုက်၍ နေ့ရှိသမျှ မျက်လုံးချင်းဆိုင်လျက်ရှိကြပြီဖြစ်ရာ ပသီပုံပြင်ထဲ၌ပါသည့် ဝတ္ထုပေါင်းများစွာတို့မှ (ဇာတ်လိုက်) မင်းသမီးများသည် ထိုမိန်းကလေး၏ရုပ်ဆင်းသဏ္ဌာန်အတိုင်းချည်းဖြစ်၍ မင်းသားကလေးများမှာလည်း ကျွန်ုပ်ကိုယ်တိုင်ချည်းဖြစ်နေလေတော့သည်။ လူပျိုပေါက်အရွယ်လည်းဖြစ်ပြန်၊ စိတ်ထဲ၌ကြိုက်ထားသူလည်းရှိပြန်၊ စိတ်ကူးယဉ်တတ်သော အလေ့အထုံကလည်းရှိပြန်၊ ကျောင်းပိတ်ထားသည့်အားလပ်ချိန်လည်း ဖြစ်ပြန်လေရကား ကျွန်ုပ်မှာ စာအုပ်ကိုဖတ်လိုက်၊ ချထားပြီး စိတ်ကူးလိုက်၊ တစ်ဖန်ကောက်ဖတ်လိုက်၊ နှစ်ခြိုက်သော စာပိုဒ်များကိုကူးယူလိုက် စသည်ဖြင့် (အိပ်ချိန်စားချိန်မှတစ်ပါး) အချိန်ရှိသမျှဖတ်လေတော့သည်။ ဤအတွက်ကြောင့် အမြတ်တစ်ခုပေါ်ထွက်သည်မှာ ဖခင်သည် ကျွန်ုပ်အားအလွန်စာကြိုးစားသည်ဆို၍ ဘာဂျာတစ်လုံးဝယ်ပေးသည်။ (ဖခင်သည် တီးမှုတ်သံကို အလွန်ရွံမုန်းသူတစ်ယောက်ဖြစ်ရကား ၎င်းအပြုအမူမှာ ကျွန်ုပ်အား အစွမ်းကုန်အလိုလိုက်ရာခြင်းဖြစ်လေသည်။)

## တန်ဖိုးရှိသော အင်္ဂလိပ်စာခေတ်

ပသီပုံပြင်ဝတ္ထုကိုဘာသာပြန်ထားသည့် အင်္ဂလိပ်စကားအသုံးအနှုန်းမှာ အလွန်ကောင်းသည်ဟု ဆရာ့ဆရာများ ပြောသံကြားဖူးပေရာ ကျွန်ုပ်မှာ ကျောင်း ၄၅ ရက် ပိတ်သည့်အတွက် ဝတ္ထုဇာတ်လမ်း၏ အရသာကို ခံစားရုံသာမက အင်္ဂလိပ်စာရေးပုံရေးနည်းကိုလည်း ကျက်မှတ်ထားသည်နှင့်ကျောင်းဖွင့်၍ စာစီစာကုံးတစ်ပုဒ်ရေးသားကြရသည်တွင် အတန်းဆရာက ကျွန်ုပ်၏အရေးအသားမှာ တဖြည်းဖြည်း မဟုတ်ဘဲ ခုန်လွှား၍တက်သွားကြောင်း (By leaps and bounds) ချီးကျူးပြောဆိုဖူးလေသည်။ ဟုတ်ပုံလည်းရသည်။ စာတစ်နှစ်သင်၍ တစ်တန်းတက်သောအခါ၌ တိုးတက်ခြင်းထက် ထို ၄၅ ရက်အဆုံး၌ တိုးတက်ခြင်းသည် ပိုသည်ဟုထင်မိပါသည်။ ထိုခေတ်မှာ အင်္ဂလိပ်ဘာသာ အသားယူသောခေတ်ဖြစ်၍ တော်သည်ဆိုလျှင် တစ်ကျောင်းမှတစ်ကျောင်းသို့လည်းကောင်း၊ တစ်ရုံးမှတစ်ရုံးသို့လည်းကောင်း၊ အစိုးရဌာနတစ်ခုမှတစ်ခုသို့လည်းကောင်း သတင်းပျံ့နှံ့တတ်သောခေတ်ဖြစ်လေသည်။ ကျွန်ုပ်သည် ဤအကြောင်းကို ကြားဖူးခြင်းကြောင့် ကြိုးစားချင်သောစိတ်ဖြစ်ပေါ်ခြင်းလည်း ဟုတ်နိုင်ပါသည်။

## အသံထွက်မှန်ကန်အောင် ကြိုးစားသင့်ခြင်း

အင်္ဂလိပ်ဘာသာရပ်နှင့်ပတ်သက်၍ ကျွန်ုပ်အဖို့ ကံကောင်းသောအခြင်းအရာတစ်ခုလည်း ဖော်ပြလိုပါသည်။ ကိုးတန်းဆရာ ကုလားလူမျိုး မစ္စတာအင်းဂလစ်စ် (Mr. Inglis) ဆိုသူမှာ ယနေ့တိုင် ကျွန်ုပ်တွေ့ဖူးသည့် (အင်္ဂလိပ်မဟုတ်သော) လူမျိုးကွဲများအနက်တွင် အင်္ဂလိပ်စကားပြော အကောင်းဆုံးထဲကတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်ယူဆပါ၏။ ကျွန်ုပ်သည် နာမည်ကြီးလှသော ဦးမေအောင်၊ ဒေါက်တာဘမော်စသော မြန်မာဝတ်လုံများကိုလည်းကောင်း၊ ကုလားဝတ်လုံများကိုလည်းကောင်း နားထောင်ရဖူးပါ၏။ ထိုလူများသည် ကျွန်ုပ်၏ဆရာနှင့် တူလျှင်သာတူရမည်၊ သာသည်ဟု ကျွန်ုပ်မထင်ပါ။ ဆရာအင်းဂလစ်စ်သည် အင်္ဂလန်သို့လည်း ရောက်ဖူး၍ အင်္ဂလိပ်စကားအသံထွက်တွင် တိကျမှန်ကန်လိုက်ပုံမှာ တချို့အင်္ဂလိပ်များထက်ပင် သာသေးသည်ထင်၏။ ကျွန်ုပ်မှာ နောက်ပိုင်းတွင် အင်္ဂလိပ်ရော မြန်မာစကားပါ ပြောချင်သောစိတ်မရှိလောက်အောင် ဖြစ်ခဲ့ရသော်လည်း အင်္ဂလိပ်အသံထွက် မှန်ကန်စေမှုအတွက်မူ တစ်သက်လုံးဂရုစိုက်လာခဲ့သူဖြစ်၏။ ဆရာအင်းဂလစ်စ်၏ အသံထွက်မှန်များသည် အောက်တန်းများမှ ကျွန်ုပ်၏အသံထွက်မှားများကို ပြုပြင်ပြောင်းလဲစေ၏။ အသံမှန်ထွက်ဖို့လိုလားသောကျွန်ုပ်သည် အောက်တန်းများမှသင်ခဲ့ရသည့် အသံထွက်နှင့် ဆရာအင်းဂလစ်စ်၏ အသံထွက်တို့ကွဲလွဲခြင်းကိုတွေ့ရသည့်အခါတိုင်း ကျွန်ုပ်နှင့်ကိုဖေတို့သည် အိတ်ဆောင် အင်္ဂလိပ်အဘိဓာန်ကို လှန်၍ ရှာတတ်ကြပေရာ ဆရာအင်းဂလစ်စ်က မှန်ကန်သည်ချည်းတွေ့ကြရ၏။ ဤမျှသာမကသေး။ ကြီးပြင်းလာသောအခါ၌လည်း လူတတ်များနှင့် ဆရာ၏အသံထွက်ကွဲလွဲခြင်းကို တွေ့ရလျှင်လည်း အဘိဓာန်ကိုလှန်၍ကြည့်သေးရာ ဆရာကပင် မှန်ကန်ခြင်းကိုတွေ့ရသည်။ ဤခေတ်၌ တက္ကသိုလ်ကျောင်းသားများသည် အင်္ဂလိပ်အသံထွက် အလွန်ချာသည်ကိုတွေ့ရ၏။ ကိုယ့်ဘာသာစကားမဟုတ်သောကြောင့် အသံထွက်မှားလျှင်လည်း မတတ်နိုင်ဟု သဘောထားကြသောကြောင့်ပေလော၊ ကျောင်းဆရာများကိုယ်တိုင်ကလည်း ဤအတိုင်းပင် ယူဆကြလေသလောမပြောတတ်ပေ။ သို့ဆိုလျှင် အလွန်မှားသော အယူအဆဖြစ်သည်ဟုဆိုချင်သည်။ ဤကိစ္စမျိုးနှင့်ပတ်သက်၍ အင်္ဂလိပ်စကားပုံတစ်ခုမှာ နည်းယူထိုက်၏။ 'လုပ်သင့်သည်ဆို၍ လုပ်သောအလုပ်တစ်ခုကို (တော်ရိလျော်ရိ သဘောမထားဘဲ) ကောင်းကောင်း ဖြစ်အောင်လုပ်ရမည်' ဟု ဆိုလေသည်။ လူမျိုးကွဲ၏စာဆို၍ မသင်ချင်လည်းနေကြစေ၊ သင်မိလျှင်လည်း ကောင်းကောင်းတတ်အောင်သင်ထိုက်ပေသည်။ လူတိုင်းလူတိုင်းသည် သင်တိုင်းလည်း အချွန်အမွန်မဖြစ်နိုင်ခြင်းကားမှန်ပါသည်။ သို့ရာတွင် အသံထွက်မျှလောက်ကို မှန်ကန်အောင် ပြောတတ်၊ ခေါ်တတ်ဖို့ လူမျိုး၏ဂုဏ်ကို ထောက်ထားသောအားဖြင့် ကြိုးစားထိုက်ကြသည်။ ဘယ်သူကဘာပြောသည်ဖြစ်စေ အင်္ဂလိပ်စကားသည် မပြောတတ်လျှင် မပီ၊ မပီသလျှင် အထင်သေးခံရမည့်ဘာသာရပ်တစ်ခုဖြစ်ရာ နိုင်ငံခြားနှင့် အဆက်အသွယ်များလှသော ဤခေတ်တွင် နယ်ချဲ့ခဲ့ဖူးသည့် ဝသီကြောင့် လူမျိုးကိုအာဃာတထားပြီး သူတို့၏ဘာသာစကားကို မထီလေးစားပြုမိပါက ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ဖွယ်ရာ၊ အထင်သေးခံရဖွယ်ရှိပေသည်။

'မြန်မာ့အသံ' မှ တခြားတိုင်းပြည်များမှ မြို့အမည်၊ လူအမည်များကို မှန်ကန်အောင် ခေါ်တတ်ဖို့ မကြိုးစားကြခြင်းမှာလည်း အံ့ဩဖို့ကောင်း၏။ ရှက်ဖို့လည်းကောင်း၏။ သံရုံးတွေရှိနေသော ရန်ကုန်မြို့၌ ဤကိစ္စသည် လွယ်ကူသင့်၏။ သံမှန်မထွက်တတ်ခြင်းနှင့်ပတ်သက်၍ မြန်မာသတင်းစာများသည် အလားတူပင်ချာလှသည်။ ကမ္ဘာ့တိုင်းပြည်ကြီးများမှ ဝန်ကြီးချုပ်များ၏အမည်များကိုပင် တစ်ယောက်တစ်မျိုး ရေးချင်သလိုရေးလျက်ရှိကြသည်။ တခြားတိုင်းပြည်များတွင် ဤကဲ့သို့ တော်ရိလျော်ရိ ပေါ့ရွှတ်ရွှတ် သဘောထားကြသည်မထင်ပေ။

**ဆက်လက်ဖော်ပြပါမည်။**



# ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့ ယခင်အမျိုးသားတန်းမြင့်ကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီလ ၂၆ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီနှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဦးစိုးဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးကျော်ဇောက ပူဇော်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ကျောင်းသားဟောင်း ဦးအောင်ကျော်ထွန်းက ဆရာ၊ ဆရာမများ၏ဂုဏ်ကျေးဇူးများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ဆက်လက်၍ ကျောင်းသားဟောင်း ဦးဝင်းသန်းက အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့ကြသော ဆရာ၊ ဆရာမများ၊ အကျိုးတော်ဆောင်များနှင့် အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများကို ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြန်လည်ပြောကြားသည်။

နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် အသက် ၈၀ နှစ်အထက် ဆရာ၊ ဆရာမကြီး ၁၆ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲ၊ အသက် ၇၀ နှစ်အထက် ဆရာ၊ ဆရာမကြီး ၅၅ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှစ်သောင်း၊ အသက် ၆၂ နှစ်အထက် ဆရာ၊ ဆရာမကြီး ၇၆ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams)နှင့် လောင်းကစားမှု (Online Gambling)များအား တားဆီးနှိမ်နင်းရေးဆိုင်ရာအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက Online Scams လုပ်ငန်းများသည် ငွေကြေးလိမ်လည်မှုအပြင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ အစမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုတို့နှင့်ဆက်စပ်လုပ်ဆောင်လာမှု၊ အခက်အခဲများကြုံတွေ့နေရသော နိုင်ငံခြားသားများကို ကူညီရှာဖွေကယ်တင်၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးနေမှု၊ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများဝင်ရောက်လာမှု၊ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့အပေါ် အခြေခံ၍ အရေးယူဆောင်ရွက်ခြင်းမပြုမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းပြီး Online Scams နှင့် Online Gambling တိုက်ဖျက်ရေးဆောင်ရွက်နေမှု၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံတို့အကြား Shared responsibility ဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ လိမ်လည်မှုလုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် အဓိကအခြေခံအဆောက်အဦ၊ လျှပ်စစ်ဓာတ်အား၊ အခြေခံစားသုံးကုန်များနှင့် အင်တာနက်ဆက်သွယ်မှုတို့ကို အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် ရယူသုံးစွဲနေမှု၊ အခြေခံအဆောက်အဦနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပနိုင်ငံသားများက လုပ်ဆောင်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (Police Cooperation Center) ထူထောင်၍ ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ အဆိုပါနိုင်ငံများအကြား Task Force တစ်ရပ်ဖွဲ့စည်း၍ Action Plan ရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မှုနှင့် ပြည်နှင်လွှဲပြောင်းမှုနှင့်ဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) နှင့် လောင်းကစားမှု (Online Gambling) များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှု၊ အဆိုပါမှုခင်းဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရဲဆက်သွယ်ရေးလမ်းကြောင်း အသီးသီးမှတစ်ဆင့်နိုင်ငံတကာရဲတပ်ဖွဲ့များသို့သတင်းဖလှယ်ဆောင်ရွက်နေမှု၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) တိုက်ဖျက်ရေးအတွက် နိုင်ငံတကာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေသော နိုင်ငံခြားသားများအား ရှာဖွေကူညီကယ်တင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# “Green Spotted Triangle”လိပ်ပြာပုံ( ၂၀၀ ကျပ်တန် )စာပို့တံဆိပ်ခေါင်းသစ် (၁)မျိုးရောင်းချမည်




**နေပြည်တော် ဇန်နဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် “Green Spotted Triangle”လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁)မျိုးအား **၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) (စနေနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (စနေနေ့)**တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

ညောင်ဦး ဇန်နဝါရီ ၂၇


မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ပွင့်လင်းရာသီကာလ မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူဦးဆောင်သော ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဇန်နဝါရီလ ၂၆ ရက်က ညောင်ဦးမြို့ အမှတ်(၁)ရွှေကုန်းရပ်ကွက်ရှိလူနေအိမ်များ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း အကြံပြုစစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၅)အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့နှင့်အတူ ညောင်ဦးမြို့ အမှတ်(၁)ရွှေကုန်းရပ်ကွက်သို့ သွားရောက်ပြီး ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံကာ ပွင့်လင်းရာသီကာလ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ကြရန်၊ လျှပ်စစ်မီးများ အသုံးပြုရာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေး စနစ်တကျကိုင်တွယ်အသုံးပြုကြရန်၊ ထင်း/မီးသွေးမီးဖိုများဖြင့် ထမင်း၊ ဟင်းများ ချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များကို သေချာစွာ ငြိမ်းသတ်ထားရှိရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် ရေရရှိရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့်မီးငြိမ်းသတ်ယာဉ်များ လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်ရေးအတွက် ရပ်ကွက်တွင်းလမ်းများ ပြုပြင်ဆောင်ရွက်ထားရန်တို့ကို ဆွေးနွေးပြောကြားပြီး နေအိမ်များတွင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ညောင်ဦးမြို့ အမှတ်(၁)ရွှေကုန်းရပ်ကွက်၌ အိမ်ခြေ ၁၆၁ အိမ်ရှိပြီး အိမ်ထောင်စု ၁၇၀၊ လူဦးရေ ၆၉၅ ဦး နေထိုင်လျက်ရှိကာ လူနေအိမ်များထူထပ်ခြင်း၊ မီးလောင်လွယ်သော အဆောက်အအုံအမျိုးအစား များပြားခြင်း၊ မီးသတ်ယာဉ်အဝင်/အထွက်လမ်းများ ကျဉ်းမြောင်းခြင်းနှင့် တချို့သောလမ်းများမှာ မီးသတ်ယာဉ်များ သွားလာ၍မရခြင်းတို့ကြောင့် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ယခုကဲ့သို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး စစ်ဆေးအကြံပြုခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## မိုးလေဝသ သတင်း




# မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၆ ရက်က မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ ဘုရားကြီးဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။



ရှေးဦးစွာ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်က မီးခိုး/မြူငွေ့နှင့်လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာနိုင်သောရောဂါများ၊ လူသားများနှင့်ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုနှင့်ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးစီးအရာရှိက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် တာဝန်ရှိသူများက ဟောပြောပွဲသို့ တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ရွှေနံ့သာစံပြကျေးရွာမှ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

လင်းခန့်

# မြိတ်မြို့ တောကျောင်းပရိယတ္တိစာသင်တိုက်၌ ဓမ္မစကူးလ်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

မြိတ် ဇန်နဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ကျွန်းနယ်မြေ တောကျောင်းပရိယတ္တိစာသင်တိုက်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဓမ္မစကူးလ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တောကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ သြဝါဒများခံယူကြသည်။

ထို့နောက် မြိတ်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်းကော်မတီဝင် ဆရာတော်သံဃာတော်များက ဓမ္မစကူးလ်သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူများအား ဆုများကိုလည်းကောင်း၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ တောကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်မှ ဓမ္မစကူးလ်သင်တန်းအတွက် အပတ်စဉ် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြိတ်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်းကော်မတီဝင် ဆရာတော်၊ သံဃာတော်များ၊ တောကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ကျောင်းအကျိုးတော်ဆောင်၊ ရပ်မိရပ်ဖများ၊ ဓမ္မစကူးလ်သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)

# ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇန်နဝါရီလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးအတွက် ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးအတွက် ငွေကျပ် ၁၁ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးအတွက် ငွေကျပ် ၁ ဒသမ ၄ သန်း တို့ကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ချောင်းဆုံမြို့နယ်၌ ဆီထွက်သီးနှံနေကြာ စီမံကိန်းစိုက်ပျိုးခြင်းအတွက် သွင်းအားစုများပေးအပ်



ချောင်းဆုံ ဇန်နဝါရီ ၂၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံရန်နှင့်ဆောင်း သီးနှံစိုက်ပျိုးသည့်တောင်သူများအနေဖြင့် ဆီထွက်သီးနှံနေကြာ ပိုမိုတိုးချဲ့စိုက်ပျိုး၍ သီးနှံများ အောင်မြင်ဖြစ်ထွန်းဝင်ငွေတိုး စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဆီထွက်သီးနှံနေကြာစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာသုံးရွာရှိတောင်သူများအား သွင်းအားစုများပေးအပ်ခြင်းကိုဇန်နဝါရီလ ၂၇ ရက်နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံ နေကြာစီမံကိန်း စိုက်ပျိုးဆောင်ရွက်သွားမည့်အခြေအနေများ၊သွင်းအားစုပေးအပ်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တောင်သူများမှလုပ်ငန်းခွင်လိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ကျေးရွာသုံးရွာမှတောင်သူ ၁၃၈ ဦးအား တာဝန်ရှိသူများက ဆီထွက်သီးနှံနေကြာစီမံကိန်း စိုက်ပျိုးဆောင်ရွက်မည့် ဧက ၅၀၀ အတွက် သွင်းအားစုများ ပေးအပ်သည်။ ချောင်းဆုံမြို့နယ်အတွင်း ယခုနှစ်စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နေကြာ ၃၉၃၇ ဧကစိုက်ပျိုးနိုင်ရန်လျာထား ဆောင်ရွက်လျက်ရှိရာ ၃၄၃၈ ဧကစိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**





# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

တောင်တွင်းကြီး ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ က မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇန်နဝါရီလ ၂၇ ရက်နံနက်ပိုင်းတွင် မြို့မဈေး အတွင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်း များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာ တွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးကာ လက်ကမ်းစာစောင်များနှင့်အတူ အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးသည်။ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာ ပေးခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

**နောင်နောင် (ဗိသနိုးမြေ)**



# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာတက္ကသိုလ်၏ မိုးလုံလေလုံ အားကစားခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာ သင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင်ကျင်းပကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြော ကြားသည်။ ဆက်လက်၍ အမျိုးသား ဘော်လီဘောပြိုင်ပွဲကိုကျင်းပရာ ရူပဗေဒ အသင်းနှင့်ဝိဇ္ဇာညွန့်ပေါင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ပါမောက္ခချုပ်ဒေါက်တာ ဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကျော်လင်းနှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ က ကြည့်ရှုအားပေးသည်။



အဆိုပါ အမျိုးသား၊ အမျိုးသမီးဘော်လီ ဘောပြိုင်ပွဲတွင် အမျိုးသားအသင်းကိုးသင်း နှင့်အမျိုးသမီးအသင်းကိုးသင်းပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကိုဇန်နဝါရီလ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ**

# ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိ

သံတောင်ကြီး ဇန်နဝါရီ ၂၇

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် လှော်ကအင်း(အောက်)ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် သံတောင်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့်ပြီးစီးမှု အခြေ အနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှု သည်။

သံတောင်ကြီးမြို့နယ် လှော်ကအင်း (အောက်)ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ယမန်နှစ် ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက် ခဲ့ရာ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီ ဖြစ်သည်။ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိလာတော့မည် ဖြစ်ကြောင်း သိရသည်။

**ဘိုဘို**

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၇-၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၃.၄ | ၃၈.၁ |
| လွိုင်လင်မြို့ | ၄.၁ | ၃၉.၄ |
| ဟဲဟိုးမြို့ | ၅.၀ | ၄၁.၀ |
| တီးတိန်မြို့ | ၅.၂ | ၄၁.၄ |
| ပင်လောင်းမြို့ | ၇.၀ | ၄၄.၆ |
| ပြင်ဦးလွင်မြို့ | ၇.၂ | ၄၅.၀ |

# ကြက်ငှက်တုပ်ကွေးရောဂါဘေး သတိရှိစေရေး

ပေါက်ပေါက်

"H5N1 ဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် ကြက်၊ ဘဲ၊ ငုံးတို့၏ အသားနှင့်ဥတို့ကို မကျက်တကျက်ချက်ပြုတ်စားသောက်ခြင်း မပြုလုပ်သင့်ပေ။ အသားများကို အပူချိန် ၁၆၅°F (၇၄°C) အထိ ချက်ပြုတ်မှသာ စိတ်ချရမည်။ ဥများကိုလည်း အနှစ်နှင့်အကာ လုံးဝမာပြီး ကျက်သွားသည်အထိ ချက်ပြုတ်ရမည်။ ကြက်၊ ဘဲ၊ ငုံးများနှင့်ထိတွေ့ထားသည့် ပစ္စည်းများကို သေချာစွာပိုးသတ်ပါ။ စဉ်းတီတုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများကို ဆပ်ပြာရည်ပူပူဖြင့် သေချာဆေးကြောပါ။ ဥအခွံပေါ်တွင် ကြက်၊ ငှက်တို့၏အရည်များ ထိတွေ့နေနိုင်သဖြင့် ဈေးမှဝယ်လာသောဥများကို သေချာစွာဆေးကြောပြီးမှ သိမ်းဆည်းပါ. . ."

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကမ္ဘာ့တိုက်ကြီးငါးခုရှိ နိုင်ငံပေါင်း ၁၀၈ နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါရောဂါကြောင့် ငှက်မျိုးစိတ်ပေါင်း ၅၀၀ ကျော်နှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၇၀ ထက်မနည်း ကူးစက်ခံထားရပြီး ကမ္ဘာတစ်ဝန်းရှိ ငှက်အကောင်သန်း ၃၀၀ ကျော်ကို သေဆုံးစေခဲ့ကြောင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည်။

### ကြက်ငှက်တုပ်ကွေးရောဂါဘေး

ကြက်ငှက်တုပ်ကွေးရောဂါသည် H5N1 ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ဖြစ်ပွားလေ့ရှိသည်။ ယင်းဗိုင်းရပ်စ်ပိုးသည် အာရှတိုက်အတွင်းရှိ ဒေသများသို့ လျင်မြန်စွာပျံ့နှံ့သွားပြီး နောက်ဆုံးတွင် ဥရောပ၊ အာဖရိကနှင့် အမေရိကတိုက်တို့သို့ ဆက်လက်ပျံ့နှံ့ခဲ့သည်။ တိရစ္ဆာန်အချင်းချင်းကူးစက်ပြီး ထိုရောဂါပိုးနှင့် ထိတွေ့မိသောလူများကိုလည်း ကူးစက်နိုင်သည်။ တစ်ခါတစ်ရံတွင် ကူးစက်ခံရသူမှာ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်သည်။ သို့သော် အဆိုပါရောဂါပိုးသည် လူအချင်းချင်း ကူးစက်နိုင်ခြေအလွန်နည်းပါးကြောင်း WHO က အကဲဖြတ်ထားသည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ကမ္ဘာပေါ်၌ ဖြစ်ပွားခဲ့သောရောဂါများ၏ ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်မှလူသို့ကူးစက်သောရောဂါများဖြစ်ပြီး အဆိုပါရောဂါများသည် လူသားမျိုးနွယ်အပေါ် ကြီးမားသည့် သက်ရောက်မှုများဖြစ်စေခဲ့သည်။ ထို့ကြောင့် WHO က တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်ရန် အခွင့်အလမ်းများသောအုပ်စုများအဖြစ် တိရစ္ဆာန်များကို ကိုင်တွယ်ထိန်းကျောင်းရသူများ၊ မွေးကင်းစများ၊ ငယ်ရွယ်သောကလေးများ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်ရေးလုပ်သားများ၊ ခုခံအားနည်းသည့်ဝေဒနာရှင်များ၊ ရောဂါကုသမှုခံယူနေရသူများနှင့် ကိုယ်ဝန်ဆောင်များကို သတ်မှတ်ထားသည်။ သို့ဖြစ်၍ ထိုသူများအနေဖြင့် ရောဂါပိုးကူးစက်မခံရစေရေးအတွက် အထူးပင် သတိထားသင့်သည်။

WHO ၏အဆိုအရ ကမ္ဘာတစ်ဝန်း၌ ၂၀၀၃ ခုနှစ်မှ လက်ရှိအချိန်ထိ H5N1 ဗိုင်းရပ်စ်ပိုးကြောင့် နိုင်ငံပေါင်း ၂၃ နိုင်ငံ၌ ကူးစက်ခံရသူဦးရေနှင့် သေဆုံးမှုနှုန်းများရှိနေကြောင်း သိရသည်။ ထို့ကြောင့် ကြက်ငှက်တုပ်ကွေးရောဂါသည် လူသားတို့၏ လက်တစ်ကမ်းအကွာတွင်ရှိနေသော ကူးစက်ရောဂါတစ်ခုဖြစ်ကြောင်း သတိပြုကြရမည်ဖြစ်သည်။

### ကြိုတင်ကာကွယ်ရန်နည်းလမ်းများ

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်၍ ရာသီမရွေးကူးစက်ဖြစ်ပွားတတ်သဖြင့် မိမိတို့၏ ကြက်၊ ဘဲ၊ ငုံးခြံများ၌ အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည် -

- ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်။
- ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ ဈေးများ၌ စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။
- တခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက်ကို ထိန်းချုပ်ကန့်သတ်ရန်။
- ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်။
- မွေးမြူရေးခြံအတွင်းသို့ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်။
- ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှထွက်သည့်အခါတိုင်း လက်ကိုဆပ်ပြာဖြင့်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။
- အသားနှင့်ဥတို့ကို သေချာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်။
- ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ ချက်ချင်းသတင်းပို့ရန်။
- ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် စသည်တို့ကို နေ့စဉ်ထုတ်သတင်းစာများတွင် စဉ်ဆက်မပြတ် အသိပေးထုတ်ပြန်လျက်ရှိသည်။

### ရောဂါလက္ခဏာများ

ရောဂါပိုးဝင်ရောက်ပြီး နှစ်ရက်မှ ရှစ်ရက်အတွင်း ရောဂါလက္ခဏာများ ခံစားရလေ့ရှိသည်။ အများဆုံးတွေ့ရသော ရောဂါလက္ခဏာများအနေဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကြွက်သားနာကျင်ခြင်း၊ မျက်စိနာခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အသက်ရှူမြန်ခြင်း စသည်တို့ကို ခံစားရလေ့ရှိသည်။ ရောဂါဖြစ်ပေါ်ပြီး နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် အဆုတ်ရောင်ရောဂါ၊ အဆုတ်အလုပ်မလုပ်နိုင်တော့ခြင်း၊ အသက်မရှူနိုင်တော့ခြင်း၊ ကျောက်ကပ်မကောင်းခြင်းနှင့် နှလုံးပြဿနာများဖြစ်ခြင်း စသည့်လက္ခဏာများ တွေ့ကြုံရနိုင်သည်။

### အထူးစောင့်ကြည့်ရန်လိုအပ်

အကယ်၍ H5N1 ဗိုင်းရပ်စ်ပိုးသည် သန္ဓေမပြောင်းဘဲ ကူးစက်မှုပိုမိုဖြစ်ပွားလာပါက အဆိုပါဗိုင်းရပ်စ်ပိုးသည် အရှေ့တောင်အာရှ၌ နေထိုင်သူများအတွက် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေလိမ့်မည်ဖြစ်သည်။ အကယ်၍ ထိုဗိုင်းရပ်စ်ပိုးသည် သန္ဓေပြောင်းလဲသွားပါက မည်သည့်ပြောင်းလဲမှုများဖြစ်လာမည် (ပို၍ဆိုးရွားပြင်းထန်လာမည် သို့မဟုတ် ဆိုးရွားမှု လျော့နည်းသွားမည်) ကို သိရှိရန်ခက်ခဲပေလိမ့်မည်။ ဤအခြေအနေနှစ်မျိုးအနက် မည်သည့်အခြေအနေမျိုးတွင်မဆို သိပ္ပံပညာရှင်များသည် ယခင်က မရှိခဲ့ဖူးသေးသောနည်းစနစ်သစ်များကို တွေ့ရှိထားကြပြီဖြစ်ရာ ထိုနည်းစနစ်များနှင့် ရောဂါများ မပြန့်ပွားအောင် တားဆီးကြရပေမည်။

### ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံး

မည်သို့ပင်ဆိုစေကာမူ ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးသောအကောင်းဆုံးသော ဆိုရိုးစကားအတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ H5N1 ဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် ကြက်၊ ဘဲ၊ ငုံးတို့၏အသားနှင့်ဥတို့ကို မကျက်တကျက်ချက်ပြုတ်စားသောက်ခြင်း မပြုလုပ်သင့်ပေ။ အသားများကို အပူချိန် ၁၆၅°F (၇၄°C) အထိ ချက်ပြုတ်မှသာ စိတ်ချရမည်။ ဥများကိုလည်း အနှစ်နှင့်အကာ လုံးဝမာပြီး ကျက်သွားသည်အထိ ချက်ပြုတ်ရမည်။ ကြက်၊ ဘဲ၊ ငုံးများနှင့်ထိတွေ့ထားသည့်ပစ္စည်းများကို သေချာစွာပိုးသတ်ပါ။ စဉ်းတီတုံးနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ဆပ်ပြာရည်ပူပူဖြင့် သေချာဆေးကြောပါ။ ဥအခွံပေါ်တွင် ကြက်၊ ငှက်တို့၏အရည်များ ထိတွေ့နေနိုင်သဖြင့် ဈေးမှဝယ်လာသောဥများကို သေချာစွာဆေးကြောပြီးမှ သိမ်းဆည်းပါ။

မျက်မှောက်ကာလသည် ကမ္ဘာတစ်ဝန်း၌ ကူးစက်ရောဂါများ တစ်နေ့တခြား ပိုမိုများပြားလာသည့်အချိန်ဖြစ်သည်။ အဆိုပါရောဂါများသည် မထင်မှတ်လောက်အောင် တိုးပွားလာသဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့် လူသားတို့၏ကျန်းမာရေးမှာ ခွဲခြား၍မရတော့သည်အထိ ဖြစ်လာသည်။ ကိုဗစ်-၁၉ ရောဂါမှာလည်း တိရစ္ဆာန်မှလူသို့ကူးစက်သောရောဂါမှသည် လူအချင်းချင်း လျင်မြန်စွာကူးစက်နိုင်သော ကမ္ဘာ့ကပ်ရောဂါဖြစ်လာခဲ့သည်။ ဤဖြစ်ရပ်က တိရစ္ဆာန်မှလူသို့ကူးစက်သောရောဂါများအနက် တချို့ရောဂါများသည် လူသားအားလုံးကို အချိန်တိုအတွင်း အသက်အန္တရာယ်ပြုနိုင်ကြောင်း အကြီးမားဆုံး သင်ခန်းစာဖြစ်သည်။ ထို့ကြောင့် H5N1 ဗိုင်းရပ်စ်ပိုးကိုလည်း ပေါ့ပေါ့တန်တန် သဘောမထားသင့်ဘဲ ကြိုတင်ကာကွယ်သင့်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ကြက်ငှက်တုပ်ကွေးရောဂါသည် ယနေ့ကာလတွင် လူသားတို့၏ အစားအစာလုံခြုံမှုအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာသည်။ H5N1 ဗိုင်းရပ်စ်ပိုးကြောင့် သန်းနှင့်ချီသည့် လူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌လည်း ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုအတွက် လိုက်နာရမည့်အချက်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတိပေးနှိုးဆော်လျက်ရှိသည်။ အများပြည်သူအနေဖြင့်လည်း ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှထွက်လာသည့်အခါတိုင်း လက်ကိုဆပ်ပြာဖြင့် ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်း၊ အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးခြင်းတို့ကို အလေးထားလုပ်ဆောင်ရန် လိုအပ်သည်။ သို့မှသာ ကြက်ငှက်တုပ်ကွေးရောဂါဘေးကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

---

# ဖြူးမြို့နယ် ကျွန်းကုန်းကျေးရွာ၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးသူများအဆင်ပြေ

ဖြူး ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လိပ်သေကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာရှိ အိမ်ခြံများနှင့် ဖြူးချောင်းဘေးမြေနုကျွန်းများ၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်သီးနှံစုံ တစ်နိုင်တစ်ပိုင် စိုက်ပျိုးဖြစ်ထွန်းမှုရှိပြီး စိုက်ပျိုးသူများ အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဖြူးမြို့နယ် ကျွန်းကုန်းကျေးရွာ၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးမှုအနေဖြင့် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ နံနံပင်၊ ဆလတ်ရွက်၊ မုန်ညင်းဖူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ရုံးပတီသီး၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ငရုတ်သီး၊ ပဲတောင့်ရှည်၊ ပဲပုစွန်သီး၊ မုန်လာဥ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ဘူးသီး၊ သခွားသီးတို့ကိုစိုက်ပျိုးပြီး ဖြစ်ထွန်းမှုလည်းရှိသောကြောင့် စိုက်ပျိုးသူများ အပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်လေ အကျိုးရှိလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းဖူလုံစေရုံသာမက ပြည်တွင်းစားသုံးမှုဖူလုံရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံစုံ လျာထားချက်ထက်ပိုမိုစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း



**ကျွန်းလှ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းရာသီတွင် ဟင်းသီးဟင်းရွက် ၅၇၇ ဧက စိုက်ပျိုးရန်လျာထားသော်လည်း ၁၀၆၇ ဧက စိုက်ပျိုးနိုင်သည့်အတွက် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ဒီနှစ်ဆောင်းရာသီမှာ ချောင်းရေတင်ပြီး ပန်းမုန်လာ၊ မုန်လာထုပ်၊ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီ သီးနှံများစိုက်ပျိုးထားပါတယ်။ ခရမ်း၊ ကိုက်လန်သီးနှံများ သီးနှံပေါ်ချိန် ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရရှိပါတယ်။ တိုးချဲ့စိုက်ပျိုးဖို့ ပြင်ဆင်လျက်ရှိပါတယ်" ဟု မန်ကျည်းအင်းကျေးရွာ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ ဦးချစ်မိုးကပြောသည်။

ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့်တောင်သူများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျ ရောစပ်သုံးစွဲရေး၊ သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝလည်းမြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသိပညာပေးဟောပြော

**နတ်မောက် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဆရာမ ဒေါ်ခင်မာကြည်က Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအကြောင်း သိကောင်းစရာများကို ကလေးမိခင်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျန်းမာရေးဆရာမများက အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**လှဝင်း**

# နေရောင်ခြည်စွမ်းအင်အသုံးပြု ရေထောက်ပံ့ရေးစီမံကိန်းဖြင့် မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ဆူးရစ်တန်းကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် နေရောင်ခြည်စွမ်းအင်အသုံးပြု ရေထောက်ပံ့ရေးစီမံကိန်းဖြင့် မြေအောက်ရေ(အဝီစိတွင်း)တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



မိတ္ထီလာမြို့နယ် ဆူးရစ်တန်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်အသုံးပြု ရေထောက်ပံ့ရေးစီမံကိန်းဖြင့် မြေအောက်ရေ ( အဝီစိတွင်း) တူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် ၅၂ ဒသမ ၂ သန်းအသုံးပြုပြီး အကျယ် ၄ လက်မ၊ အနက်ပေ ၅၀၀ ရှိရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၅၀၀ ဆံ့အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ၇ ဒသမ ၆ ကီလိုဝပ်ရှိ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ၂၀၂၄ ခုနှစ် မေလ ၁၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်း (Quick Impace Projects-QIP) အရ ယခုကဲ့သို့ မြေအောက်ရေ(အဝီစိတွင်း) တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မ၀၂)**

## မဟာမုနိနှိုင်းမရှိ

* မဟာမုနိ . . .
သက်ရှိထင်ရှား၊ နေအလားမို့
ရပ်ခြားနယ်မှ၊ ဖူးရောက်ကြလို့
များစွပွဲတော်၊ ဝင်နွှဲပျော်ကာ
ပူဇော်မဝ၊ ဦးတင်ကြသည်
"ဗုဒ္ဓပူဇနိယ" ပွဲတော်လ။
(၆၆)ကြိမ်မြောက် ဆင်နွှဲကြ။

* ပွဲတော်ဖြစ်တည် . . .
နှစ်ရှည်ကြာစွ၊ ခိုင်မာလှသည့်
ဘာကဘယ်လို၊ မဖြစ်ဆိုလည်း
ဖြစ်ကိုဖြစ်ရ၊ ဝိုင်းဝန်းကြလို့
လရာသီလိုက်၊ စဉ်တစိုက်လျှင်
သိုက်မြိုက်စုံလင်၊ ပွဲကြီးယင်သည်
နှစ်စဉ်ကျင်းပ ပူဇော်မြဲ။
လတပို့တွဲ ခြိမ့်ခြိမ့်သဲ။
ပဋ္ဌာန်းရွတ်ဖတ် သံမစဲ။

* ဩော် . . .
လတပို့တွဲ၊ ထမနဲနှင့်
"မဲ" စာရေးတံ၊ ပြည့်ဖြိုးလျှံလို့
မကျန်စေရ၊ ဆွမ်းဒါနနှင့်
ဓမ္မသဘင်၊ ပွဲဆင်ယင်ကာ
ဦးတင်မဝ၊ ပူဇော်ကြသည်
ဝေမျှကုသိုလ်၊ ရစေသော်ဝ်။
(၄၇)ကြိမ်မြောက် ပဋ္ဌာန်းပွဲတော်။
ဓမ္မသဘင် ဖိတ်လို့ခေါ်။ ။

**မြတ်ထွဏ်းနောင်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၁-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၀၃၆ ဧကစိုက်ပျိုးပြီးစီးနေပြီး လျာထားဧကရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိ



မအူပင် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၀၃၆ ဧကစိုက်ပျိုးပြီးစီးနေပြီး လျာထားဧက ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းလျာထား ၂၃၄၈ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ပဲတီစိမ်း ၂၀၃၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးနေသည့် ပဲတီစိမ်းများ လျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်းကို ၂၃၄၈ ဧကလျာထား စိုက်ပျိုးနေပါတယ်။ လက်ရှိ ပဲတီစိမ်း ၂၀၃၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေ လျာထားဧက ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာတွေနဲ့ တခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းကောင်းစေဖို့ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ စိုက်နည်းစနစ်မှန်ကန်စေဖို့ စတဲ့လုပ်ငန်းတွေကို တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲတီစိမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များရရှိစေရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေးစသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရမှ စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင် နံရံကပ်စာစောင် ပြသခြင်းများဆောင်ရွက်



ကန့်ဘလူ ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုဘအခြေပြုဗဟိုဌာန၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြသခြင်းများကို ဇန်နဝါရီလ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဒေါ်အိအိသင်းက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ကြောက်မက်ဖွယ်ရာဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးမျိုး သုံးစွဲခြင်းကြောင့် လူနေမှုဘဝပေါင်းများစွာတို့၏ ထိခိုက်နစ်နာဆုံးရှုံးရမှုများ၊ ကွမ်းစားခြင်း၊ ဆေးလိပ်၊ အရက်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးထိခိုက်မှုများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် မိသားစုတွင်းပြဿနာများနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် HIV ၊ AIDS ရောဂါများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# လဲချားမြို့နယ် ဝမ်ကန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး



လဲချား ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝမ်ကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝမ်ကန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝမ်ကန်ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် နှစ်သန်း စုစုပေါင်း ငွေကျပ် ၁၇ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အေးသူ

## မြန်မာဘော်လီဘော လူမှုရေးအသင်း၏ အသင်းဝင်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၂၅ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာဘော်လီဘောလူမှုရေးအသင်း၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာဘော်လီဘောလူမှုရေးအသင်း ဥက္ကဋ္ဌ ဦးရဲနိုင်ကအဖွင့်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ မြန်မာဘော်လီဘော လူမှုရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် အထောက်အကူပြုအဖွဲ့များမှတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အသင်းဝင်သက်ကြီးကန်တော့ခံများအား ကန်တော့ချိုးတိုင်၍ ကန်တော့ခံပစ္စည်းများဖြင့်ကန်တော့ကြကာ ကန်တော့ခံသက်ကြီးတစ်ဦးက ဆုပေးဩဝါဒစကားပြောကြားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြန်မာဘော်လီဘောအမှုဆောင်များက အလှည့်ကျဆွေးနွေးခဲ့ကြောင်း သိရသည်။

သိန်းဝင်း

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://Myanmar.gov.mm

❑ **ကျောဖုံးမှအဆက်**

၃၁ ရက်အထိ ငါးရက်တိုင်တိုင် (တနင်္လာနေ့မှ သောကြာနေ့အထိ) နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆေးကုမ္ပဏီ ၄၀ မှ ဆေးဝါးမျိုးစုံတို့အား ပါဝင်ပြသ ရောင်းချပွဲကျင်းပလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆေးဝါးများဝယ်ယူရာ၌ ဝယ်ယူမရရှိခြင်းများနှင့် အခြားသောအခက်အခဲများရှိနိုင်ခြင်းတို့အပြင် ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသောအလားတူဆေးဝါးများအား စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင် လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင်ဆရာဝန်နှင့် ဆေးဝါးနားလည်ကျွမ်းကျင်သူများအားထားရှိကာ ဝန်ဆောင်မှုပေးဆောင်ရွက်သွားမည်ဖြစ်သည်။

“ဆေးဝါးတွေကို အလွယ်တကူရရှိနိုင်ဖို့အတွက် အလှည့်ကျဆရာဝန်တွေလည်း ရှိပါတယ်။ ဥပမာ ဒီဆေးသောက်ချင်တယ်ဆိုရင် ဆေးကိုလည်းရှာပေးမယ် သို့သော် မရှိခဲ့ဘူးဆိုရင်လည်း ဒီဆေးနဲ့အလားတူ သောက်လို့ရမယ်ပေါ့။ Brand ကွာမယ်၊ Chemical တူမယ့်ပုံစံမျိုးကို ကူညီရှာဖွေပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး ဆေးဝါးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း သေသေချာချာရှင်းပြပေးသွားမှာဖြစ်ပါတယ်။ ဆေးဝါးတွေအနေနဲ့ကတော့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ဆေး၊ အားဆေးအမျိုးမျိုး၊ ပိုးသတ်ဆေး၊ အပူကျဆေး၊ ချောင်းဆိုးပျောက်ဆေး စသဖြင့်ဆေးဝါးမျိုးစုံကို တစ်နေရာတည်းမှာရရှိနိုင်မှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် လာမည့်ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကိုထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများအား အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါဆေးဝါးတိုက်ရိုက်ရောင်းချပွဲများကို ပထမအကြိမ်အနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရန်ကုန်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အရောင်းစင်တာများဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မင်းသစ်**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနတည်ထောင်ခြင်း (၂၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန တည်ထောင်ခြင်း (၂၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းရှိအဆိုပါဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစားသုတေသနပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသသုတေသနခြံများမှ သုတေသီများနှင့်ပညာရှင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက မူဝါဒများ ပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအရေးပါသည့်လုပ်ငန်းများဖြစ်သည့်အတွက် မိမိတို့၏သုတေသနလုပ်ငန်းများကို နိုင်ငံတော်မှချမှတ်ထားသည့် မျှော်မှန်းချက်များနှင့်အညီဖြစ်အောင်ဆောင်ရွက်စေလိုကြောင်း၊ ထို့အတူ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး သုတေသနလုပ်ငန်းများကို ဆန်းသစ်တီထွင်မှု(Innovation)ရှိကြရန်နှင့်တောင်သူလယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် (Farmers Participatory Research) သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်နိုင်တိုးစပါးမျိုးသစ်ထုတ်လုပ်နိုင်မှုအတွက် ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းပေးအပ်ကြပြီး သုတေသနစွမ်းဆောင်ရည်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၌ အဓိကသော့ချက်ဖြစ်သည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းကို လွတ်လပ်ရေးမတိုင်မီ ၁၉၀၈ ခုနှစ်ခန့်မှစ၍ စိုက်ပျိုးနည်းစနစ်သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းများအရသိရှိရပြီး ၁၉၅၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် အင်းစိန်မြို့နယ်ကြို့ကုန်း၌ စိုက်ပျိုးရေးသုတေသနဗိမာန်(Agricultural Research Institute – ARI)အမည်ဖြင့် တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ရာ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးသုတေသနလုပ်ငန်းဆောင်ရွက်ခဲ့မှုမှာ နှစ်ပေါင်း ၇၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲများက စပါးအပြင် ယာသီးနှံများကိုပါ သုတေသနပြုလုပ်သင့်ကြောင်း လမ်းညွှန်ချက်အရ ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းနယ်မြေကို ရွှေ့ချယ်ပြောင်းရွှေ့ခဲ့ကာ မြန်မာနိုင်ငံ၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၁၉၉၀ ပြည့်နှစ်တွင် ဗဟိုစိုက်ပျိုးရေးသုတေသနဌာန(CARI) အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) အဖြစ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင်လည်းကောင်း အဆင့်ဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ရာ ယနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် ရပ်တည်လာခဲ့သည့် နှစ်ပေါင်း ၂၁ နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင်ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနေ့အခမ်းအနားသည် နှစ်စဉ် ပုံမှန်ကျင်းပနေသည့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်ကြရန်နှင့် ယခင်နှစ်ကကျင်းပခဲ့သည့်အခမ်းအနားတွင် ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာရယူကာ ပြန်လည်သုံးသပ်၍ ယခုနှစ်တွင် ပိုမိုကောင်းမွန်ပြည့်စုံအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတွဲဖက်အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာကြသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းရှိဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၈



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကလေးငယ်တစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ခွဲစိတ်လူနာတစ်ဦးအား ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးစဉ်။





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၃ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅ ဦး၊ ကလေးရောဂါ ၅ ဦး၊ အရိုးရောဂါ ၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅ ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာ ၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၂ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။







ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

“ရောဂါတစ်ခုခုဖြစ်ပြီဆိုလို့ရှိရင် သွားရလာရတာ အဆင်မပြေပါဘူးရှင့်၊ လှေဆိုတာလည်းရှိမှသွားရတယ် လှေတောင်မှပဲ အခက်အခဲရှိပါတယ်။ ဒါပေမဲ့ အခုလိုမျိုးလာပြီးကုသပေးတဲ့အတွက်ကိုလည်း အရမ်းလည်းကျေးဇူးတင်ပါတယ်ရှင့်။ သမီးတို့အတွက်ကတော့ အရမ်းကိုပျော်လည်းပျော်ပါတယ်၊ ပီတိလည်းဖြစ်ပါတယ်၊ အခက်အခဲတွေအားလုံးထဲမှာ အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက်ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

“ကလေးရဲ့အနေအထား မှန်တယ်လို့လည်းပြောပါတယ်။ ဒီမှာပြရတာလည်း အဆင်ပြေပါတယ်။ သမီးတို့အနေနဲ့ ကော့သောင်းတစ်ခါတက်ဖို့ အရေးကလည်းမလွယ်ပါဘူး။ အခုလို ဆေးသင်္ဘောလာရောက်ကုသပေးတဲ့အတွက် သမီးတို့အနေနဲ့ အကုန်လုံးအဆင်ပြေသွားပါတယ်။ OG ဆရာမက တော်တော်စိတ်ရှည်ပါတယ်၊ ကလေးအနေအထားတွေ အကုန်လုံးရှင်းပြပါတယ်။ နောက်နှစ်တိုင်းတွေလည်း လာနိုင်ပါစေလို့ ဆုတောင်းပါတယ်” ဟု ပြောသည်။

(၁၀၀)

# နိုင်ငံ့စီးပွားမြှင့်တင်ခြင်းနှင့် MSME များ၏အခန်းကဏ္ဍ

ညီသီဟဇော်


ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးတွင် တိုးတက်ပြောင်းလဲမှုများ၊ အရွေ့အပြောင်းများသည် အလွန်မြန်ဆန်လာနေပြီဖြစ်ရာ ခေတ်မီတိုးတက်လာမှုနှင့်အတူ လိုအပ်ချက်များ ပိုမိုများပြားလာသည်ကိုလည်း တွေ့ရှိရပေသည်။ စားရေရိက္ခာရှားပါးမှု၊ ဝင်ငွေမညီမျှမှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့်အခြားသောလိုအပ်ချက်များကြီးမားလာမှု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆင်းရဲချမ်းသာကွာဟချက်များပိုမိုကြီးမားလာမှု စသည်တို့သည် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျသော လိုအပ်ချက်များဖြစ်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်မှုအပေါ် များစွာအကျိုးသက်ရောက်မှုရှိစေနိုင်ပေသည်။ နိုင်ငံတိုင်း၏အစိုးရသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးမူဝါဒများချမှတ်၍လည်းကောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များချမှတ်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် လူသားတို့၏ ခေတ်နှင့်အညီ လိုအပ်မှု၊ အသုံးပြုမှု၊ ကုန်ထုတ်လုပ်နိုင်စွမ်း၊ ဝယ်လိုအား၊ တီထွင်ဆန်းသစ်မှု စသည်တို့အပေါ်တွက်ချက်၍ လိုအပ်သောကုန်ထုတ်လုပ်မှုလုပ်ငန်းများထူထောင်ကာ ကြိုးပမ်းဆောင်ရွက်လာကြပေသည်။

## နိုင်ငံ့စီးပွားရေးအရှိန်ကို မြှင့်တင်ပေးနိုင်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေအား ထိုနိုင်ငံ၏ ဂျီဒီပီကိုလေ့လာကြည့်လျှင် သိရှိနိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် ပြည်ပပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးတို့အပေါ် များစွာမူတည်နေပြီး ပြည်ပမှ မှာယူတင်သွင်းမှုများပြားနေသမျှကာလပတ်လုံး စီးပွားရေးတိုးတက်မှုသည်လည်း အနုတ်လက္ခဏာသာ ပြနေမည်ဖြစ်ပေသည်။ ကမ္ဘာ့စီးပွားရေးအင်အားတောင့်တင်းခိုင်မာသောနိုင်ငံများကို လေ့လာကြည့်ပါက လေးနက်သော အခြေခံအကြောင်းရင်းတစ်ခုမှာ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌သာ ထုတ်လုပ်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ကို ပြည်ပမှ မတင်သွင်းရသဖြင့် အသားတင်ထုတ်ကုန်တန်ဖိုးမြင့်မားလာသည်။ ပြည်တွင်းထုတ်ကုန်ပိုလျှံလာခြင်းအားဖြင့် ပြည်ပသို့တင်ပို့ခြင်းသည် နိုင်ငံ၏ စီးပွားရေးအင်အားကို ပိုမိုအားကောင်းလာစေသည်။

ထို့ပြင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပေါ်များစေရေး၊ ကုန်ကြမ်းများပေါ်များစေရေး၊ သွင်းအားစုများလုံလောက်စွာရရှိစေရေး၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်စေရေး စသည့်ကဏ္ဍများသည်လည်း ပြည်တွင်းစီးပွားရေးတိုးတက်ကောင်းမွန်စေရေးအတွက် အခြေခံကျသော အချက်များပင်ဖြစ်ပေသည်။ ပြည်တွင်းစီးပွားရေးတိုးတက်ကောင်းမွန်လာခြင်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပေးနိုင်ပြီး ပိုမိုတိုးတက်ဖွံ့ဖြိုးကောင်းမွန်လာစေနိုင်သည့် ပုံပန်းသဏ္ဌာန်ဖြစ်သည်ဟုဆိုနိုင်ပေသည်။

တစ်ဖန် နိုင်ငံ၏စီးပွားရေးမြှင့်တင်ခြင်းဟုဆိုရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME)၏အခန်းကဏ္ဍသည်



အလွန်အရေးပါမှုရှိကြောင်း တွေ့ရှိရပေသည်။ အဆိုပါလုပ်ငန်းများတိုးတက်လာအောင် မြှင့်တင်အားပေးခြင်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေနိုင်မည့် အကြောင်းရင်းများအနက် အဓိကကျသည့်အချက်လည်းဖြစ်ပေသည်။

## နိုင်ငံခြားငွေရရှိနိုင်စေသည့်အလားအလာ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME)တွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့်အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍသည် အရေးကြီးသောကဏ္ဍမှ ပါဝင်နေပေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးပမ်းနေကြသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်လိုအပ်ချက်၊ ထုတ်ကုန်အရည်အသွေးနှင့် ဝယ်လိုအားတို့ကိုအခြေခံပြီး အဆင့်မြင့်ထုတ်ကုန်ဖြစ်စေရေးအတွက် ပြုပြင်လုပ်ဆောင်၍ ပြည်တွင်း၌ ဖူလုံသည်သာမက ပြည်ပသို့ပို့ကုန်အဖြစ် ပို့ဆောင်နိုင်သည်အထိ အားကောင်းလာစေရန်ဆောင်ရွက်ရပေမည်။

အဓိကအားဖြင့် နိုင်ငံအတွင်းရှိနေသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ပိုမိုအားကောင်းလာရေး ပုံဖော်လုပ်ဆောင်ခြင်းသည် နိုင်ငံခြားဝင်ငွေစီးဝင်လာမှုအားကောင်းစေရေး ကြိုးပမ်းအားထုတ်ခြင်းလည်းဖြစ်ပေသည်။ MSME လုပ်ငန်းများမှ ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေရရှိစေခြင်းက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်ပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံကျသည့်အချက်ပင်ဖြစ်သည်။

## လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက် ထုတ်ကုန်တိုးတက်ဖို့အတွက်

MSME ကဏ္ဍအတွက် လိုအပ်သည့်အရာတစ်ခုမှာ အရင်းအနှီးပင်ဖြစ်သည်။ အရင်းအနှီးနှင့်ပတ်သက်၍ MSME လုပ်ငန်းဆောင်ရွက်နေသူများကို ကိုယ်တိုင်ကြိုတင်အားထုတ်စေပြီး လုပ်ငန်းများခိုင်မာအားကောင်းလာသည့်အချိန်တွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း၊ ဖွံ့ဖြိုးရေးချေးငွေ၊ စီးပွားရေးချေးငွေများထုတ်ချေးပေးခြင်း စသည့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အခြေခံအဆောက်အဦများ၊ ထုတ်လုပ်မှုဆိုင်ရာနည်းပညာများ၊ လောင်စာနှင့် စွမ်းအင်များစသည့်လိုအပ်ချက်များကိုပါ ပြည့်စုံအောင်ဆောင်ရွက်ပေးခြင်းဖြင့် ထုတ်ကုန်များကို အကောင်းဆုံး၊ အအောင်မြင်ဆုံးဖြစ်အောင် ထုတ်လုပ်နိုင်ကြပေမည်။

MSME လုပ်ငန်းများအတွက် နောက်ထပ်အရေးပါသည့်အရာတစ်ခုမှာ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် နျူကလီးယားစွမ်းအင်သုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသည်။ လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေးဟုဆိုရာတွင် ရေအားလျှပ်စစ်နှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းတို့အပြင် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် သွင်းအားစုများဖြည့်တင်းပေးနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေနှင့်မြေသြဇာ၊ မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစားအစာ၊ ခေတ်မီနည်းပညာများရရှိမှုဝေပေးနိုင်ရေး စသည့်အခြေခံအကြောင်းအရာများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ပါက MSME ကဏ္ဍတွင်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

## ပိုမိုအားကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်ပေး

MSME လုပ်ငန်းများသည် ပြည်တွင်းရှိလုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သကဲ့သို့ ဒေသထွက်ကုန်များကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများလည်းဖြစ်သဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားဖွံ့ဖြိုးတိုးတက်ရေး စသည်တို့အတွက် ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများစွာရှိသည်။ အဆိုပါလုပ်ငန်းများမှတစ်ဆင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များပေါ်ထွက်လာနိုင်ပြီး အချင်းချင်းအသိပညာဝေမျှလာနိုင်ကာ ဆန်းသစ်သောတီထွင်မှုများဖြင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာစေမည်ဖြစ်သည်။ MSME လုပ်ငန်းများတွင် အစိုးရက ပါဝင်ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များလည်းရှိပေရာ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှသည် ကျယ်ပြန့်သောစီးပွားရေးကွန်ရက်တွင် ပိုမိုချိတ်ဆက်လာနိုင်မည်ဖြစ်သည်။ နိုင်ငံအတွင်း စီးပွားရေးကွန်ရက် ပိုမိုအားကောင်းလာသည်နှင့်အမျှ နိုင်ငံ၏စီးပွားရေးအခြေအနေသည်လည်း ပိုမိုအားကောင်းလာကာ ယင်းသည်ပင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။

သို့ဖြစ်ရာ နိုင်ငံ၏အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်တို့အတွက် အထောက်အပံ့ကောင်းများ ပံ့ပိုးကူညီပေးခြင်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် အထောက်အကူပြုနိုင်သော မူဝါဒလုပ်ငန်းစဉ်များ ပြင်ဆင်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အပြင် လိုအပ်သည့် ခေတ်မီနည်းပညာ၊ ဈေးကွက်နှင့်ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များပံ့ပိုးပေးခြင်း စသည့်ကိစ္စရပ်များကို လုပ်ဆောင်ပေးခြင်းဖြင့် မြှင့်တင်အားပေးဆောင်ရွက်ရမည်ဖြစ်ပေသည်။

သို့မှသာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ပြီး ထိုကဲ့သို့ ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် MSME လုပ်ငန်းရှင်များသည် ဆန်းသစ်သောထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ကာ ပြည်တွင်း၌ ဖူလုံရုံသာမက ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်သည်အထိ ဈေးကွက်များပိုမိုကျယ်ပြန့်လာမည်ဖြစ်ရာ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ပိုမိုရရှိစေမည်ဖြစ်ပေသည်။ MSME လုပ်ငန်းများ ပိုမိုအောင်မြင်လာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာနိုင်ကာ နိုင်ငံ့စီးပွားသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ဂန့်ဂေါ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ်၍ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံခြင်းကို ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဆေးရုံအုပ် ဒေါက်တာကျော်ကျော်လွင်ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်း ၁၃၀၈ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကျေနုဝီသတိမအစည်းအဝေးနှင့် အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကျေနုဝီသတိမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်၊ ဖေဖော်ဝါရီလ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁၊ ၂ ရက်၊ ဖေဖော်ဝါရီလ ၂၇၊ ၂၈ ရက် ကြာသပတေး၊ သောကြာနေ့တို့တွင် ကျေနုဝီသတိမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ စနေနေ့တွင် လည်းကောင်း၊ အဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သတ္တမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ မတ် ၂၊ ၃၊ ၄ ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့တို့တွင် အစည်းအဝေးများကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ မတ်လ ၁ ရက် စနေနေ့တွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်၌ ရုရှားဘာသာစကား (အခြေခံ)သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ရှိ ဟိုတယ်များမှ မန်နေဂျာများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ နည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကားဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား(အခြေခံ) သင်တန်းများနှင့် မွမ်းမံသင်တန်းများကို နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သို့ နိုင်ငံခြားသား ခရီးသည်များနှင့် ရုရှားနိုင်ငံသားခရီးသည်များလာရောက်မှုနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းနှင့် အဆင့်မြင့် အရာထမ်းသင်တန်းဖွင့်ပွဲကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၂၇**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၁)နှင့် အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ် (၂၆) တို့၏ သင်တန်းဖွင့်ပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က နိုင်ငံတော်အစိုးရကချမှတ်ထားသည့်မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပြီး မိမိတို့၏ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုအရည်အသွေးများအစဉ်တိုးတက်အောင်ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၁)သို့ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူခြောက်ဦး စုစုပေါင်း ၂၀ ဦးနှင့်အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၆)သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှစ၍ မတ်လ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့်ပညာရေးဒီဂရီ ကောလိပ်များ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ လမ်း ၈၀ နှင့် ၃၅ လမ်းထောင့်ရှိ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းကျောင်း (မန္တလေး)ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေးအဝေးသင်တက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များနှင့် တွေ့ဆုံကာ အဝေးသင်ပညာရေးစနစ် မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးမှာကြားပြီး မန္တလေးမြို့တွင် ဖွင့်လှစ်ထားရှိသော ပညာရေးဒီဂရီကောလိပ်များသို့ သွားရောက်၍ အဆိုပါကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့်အတူ မန္တလေးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံ၍ ကျောင်းတက်နှုန်းမြင့်မားရေး၊ သင်ကြားမှုအရည်အသွေးမြှင့်တင်ရေးနည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မတူညီသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် National Level Standard အဖြစ် MMQR နှင့်စပ်လျဉ်း၍ အသုံးပြုသူများနှင့်ကုန်သည်များအားအသိပညာပေး

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်လျက်ရှိသော National level Standard ဖြစ်သည့် MMQR( Myanmar Quick Response) အသုံးပြုပြီး မတူညီသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် Digital Payment Switch ၏ ဆောင်ရွက်နိုင်ခြင်းဆိုင်ရာအသိပညာပေးခြင်းကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ The Eravati Sule Grand Yangon ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၊ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ဘဏ်များနှင့်မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ မိတ်ဖက်ကုန်သည်များ၊ System Operator နှင့်နည်းပညာအကူအညီပေးသည့်ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက MMQR အသုံးပြုခြင်းဖြင့်မည်သည့် Mobile Wallet (မိုဘိုင်းပိုက်ဆံအိတ်)ကိုမဆို အပြန်အလှန် ချိတ်ဆက်ပေးချေနိုင်သည့် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော ငွေပေးချေမှုစနစ်တစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ပြီး ငွေသားကိုင်တွယ်သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အသုံးပြုသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ Wallet တစ်ခုတည်းကိုသာအသုံးပြု၍ ကုန်သည်များအားပေးချေနိုင်ခြင်း၊ ကုန်သည်များအနေဖြင့်လည်း QR မျိုးစုံထားရှိရန်မလိုအပ်ဘဲ MMQR တစ်ခုတည်းဖြင့် Wallet အမျိုးမျိုးပေးခြင်းအားလက်ခံနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပခရီးသွားများအတွက် ငွေသယ်ယူရန်မလိုအပ်ဘဲ MMQR ဖြင့် ပြည်တွင်း၌သုံးစွဲနိုင်ရေးအတွက် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများဖြင့်ချိတ်ဆက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် System Operator ဖြစ်သည့် PayPlus Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက Digital Payment Switch (MMQR)၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ဘဏ်များ၏ကိုယ်စားလှယ်များက MMQR အသုံးပြုခြင်းဖြင့် ကုန်သည်လုပ်ငန်းရှင်ကြီးများရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ သိရှိရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ကုန်သည်လုပ်ငန်းရှင်ကြီးများနှင့် တက်ရောက်လာသူများ၏ သိရှိလိုသည်များကိုမေးမြန်းကြရာ သက်ဆိုင်ရာကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






## ၂၇-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တိုက်ကြီးမြို့နယ်၊ အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တိုက်ကြီးမြို့နယ် အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အင်းတရာအထက်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC–1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် (၂)ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့်သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကိုဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇– ၃၄၁၂၀၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်) ၀၁–၅၄၄၅၈၂၊ ၀၁–၅၄၄၅၈၃၊ iprd.crd.ygn @gmail.com သို့ ၃၁–၁–၂၀၂၅ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# MFF ယူ-၁၅ လိဂ်ပြိုင်ပွဲ တောင်ကြီးဇုန်နှင့်မန္တလေးဇုန်ပွဲစဉ်များ ဖေဖော်ဝါရီလ ၁ ရက် စတင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခုရာသီ MFF ယူ–၁၅ လူငယ်လိဂ်ပြိုင်ပွဲကို ဇုန်သုံးခုခွဲ၍ကျင်းပမည်ဖြစ်ပြီး တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များကို ဖေဖော်ဝါရီလ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

MFF ယူ–၁၅ လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန်ပွဲစဉ်များကို ဒီဇင်ဘာလနောက်ဆုံးပတ်ကတည်းကကျင်းပနေပြီး တောင်ကြီးဇုန်နှင့်မန္တလေးဇုန်ကိုမူ ဖေဖော်ဝါရီလမှစတင်ကျင်းပခြင်းဖြစ်သည်။ ရန်ကုန်ဇုန်တွင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်နေသော်လည်း တောင်ကြီးဇုန်နှင့်မန္တလေးဇုန်တွင် အသင်းခြောက်သင်းစီ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဇုန်ပွဲစဉ်များကို ဇွန်လအထိကျင်းပမည်ဖြစ်ပြီး ၁၂ သင်းပါဝင်သော ရန်ကုန်ဇုန်ကို တစ်ကျော့တည်းသာကျင်းပမည်ဖြစ်သော်လည်း ခြောက်သင်းစီပါဝင်သော တောင်ကြီးဇုန်နှင့်မန္တလေးဇုန်ကို နှစ်ကျော့စနစ်ဖြင့်ကျင်းပမည်ဖြစ်သည်။ ဇုန်အလိုက်ပွဲစဉ်များအပြီးတွင် ရန်ကုန်ဇုန်တွင် ပထမနှင့် ဒုတိယနေရာရနှစ်သင်း၊ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်တွင် ထိပ်ဆုံးရပ်တည်မှုရအသင်း စုစုပေါင်းလေးသင်းမှာ ဇူလိုင်လတွင် Grand Final ထပ်မံကစားခွင့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယူ–၁၅ လိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး လူငယ်ကစားသမားများ ထွက်ပေါ်လာစေရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏လမ်းညွှန်မှုဖြင့် ကျင်းပခြင်းဖြစ်သည်။

ရဲရင့်လွင်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

နေပြည်တော် ဇန်နဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၉–၁–၂၀၂၅ ရက် ည ၈ နာရီမှ ၂၆–၁–၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၄၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်– ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတော်သြဝါဒါစရိယ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ Special Dhamma Talk များ သင်ကြားပို့ချ



ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တည်ထောင်သူနှင့် သြဝါဒါစရိယအဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာတန်းမှ ပါရဂူတန်းအထိ တက်ရောက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပမှ သင်တန်းသား၊ သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ Special Dhamma Talk ပို့ချသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏအမှူးပြုသော တက္ကသိုလ်သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်များ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၂၈ ပါး/ဦးတို့ တက်ရောက်ကြည်ညိုနာယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်း မိတ်ဆက်အသိပေးခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်း မိတ်ဆက်အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄)Meeting Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးနှင့်ပညာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဝန်ကြီးဌာန အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်များတွင် အာဟာရပညာပေး သင်ခန်းစာများကို ထည့်သွင်းရေးဆွဲသင်ကြားလေ့ကျင့်ပေးလျက်ရှိသကဲ့သို့ မိဘများအနေဖြင့် ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် သန့်ရှင်းရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ပိုမိုသိရှိလာစေရန် မိဘ၊ ရပ်ရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှဦးဆောင်၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုများ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများနှင့် အလေ့အကျင့်ကောင်းများကို ပိုမိုသိရှိနားလည်၍ လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ကျောင်းသား၊ ကျောင်းသူ အနာဂတ်သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝကာ ကျန်းမာရေးနှင့်ညီညွတ်သောအမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့်ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများသာမက ၎င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ပေးရန်ရည်ရွယ်ပြီး ယခုပညာသင်နှစ်တွင် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင်ဆောင်ရွက်ရန် စီစဉ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည့် ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးနှင့်ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ အစားအစာများကို အစာအုပ်စုသုံးအုပ်စုအပေါ် မူတည်၍ ရွေးချယ်ခြင်း၊ အာဟာရတန်ဖိုးလျော့နည်းမှု အနည်းဆုံးဖြစ်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ချက်ပြုတ်ပြင်ဆင်ပုံကို လက်တွေ့သရုပ်ပြပညာပေးခြင်း၊ KG ကျောင်းသား၊ ကျောင်းသူများအား အစာအုပ်စုသုံးအုပ်စုပါဝင်သော ထမင်း၊ ကြက်ဥ၊ သီးစုံပဲဟင်း၊ ငှက်ပျောသီးတို့ကို နေ့လယ်စာအဖြစ် ကျွေးမွေးခြင်း၊ အဏုအာဟာရမှုန့်ဖြည့်စွက်တိုက်ကျွေးခြင်း၊ နေ့လယ်စာမစားမီ စနစ်တကျလက်ဆေးခြင်း၊ နေ့လယ်စာစားပြီးသွားတိုက်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြိတ်ခရိုင်အတွင်းရှိ အားကစားကွင်း / အားကစားရုံများ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြိတ်ခရိုင်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင် အားကစားခန်းမအား စစ်ဆေးပြီး လက်ဝှေ့သင်တန်းလေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ အားကစားသမားများ အသုံးပြုလျက်ရှိသည့် (အမျိုးသား/အမျိုးသမီး) အဝတ်လဲခန်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ရေးကို မှာကြားသည်။

ထို့နောက် (အမျိုးသား/အမျိုးသမီး) ကာယဗလအားကစားရုံ၊ ဝန်ထမ်းအိမ်ရာ လိုင်းခန်း၊ မြိတ်ခရိုင် မြို့မအားကစားကွင်းနှင့် တင်းနစ်အားကစားကွင်းတို့ကိုလည်းကောင်း၊ အားကစားကွင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပြေးခုန်ပစ်လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အများပြည်သူများ လွတ်လပ်စွာလာရောက်လေ့ကျင့်ကစားနိုင်ရေး၊ ဝါသနာပါသည့် အားကစားသမားများကိုဖိတ်ခေါ်၍ စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သည့်အားကစားပစ္စည်းများကို ပံ့ပိုးကူညီပေးရေး၊ အားကစားကွင်း/အားကစားရုံများရေရှည်တည်တံ့စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် မြိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ပံ့ပိုးအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီးကိုယ်စားပြု လူငယ်မျိုးဆက်သစ်အားကစားသမားများမွေးထုတ်ပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးသွားရန် လိုကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

❍ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့အား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဗီဒီယို Clip ဖြင့် ပြသသည်။




ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးH.E.Mr. Abhay Thakur က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့်ကပြဖျော်ဖြေကြရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakurနှင့်ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့သည် ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့နယ်၊ ခမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ခမင်းဆိပ်ကျေးရွာ၊ ဆုတောင်းပြည့်အဏ္ဏဝါဦးစေတီတော်မြတ်တွင်အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၁ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၅၀ ဦး၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၉ ဦး၊ မျက်စိခွဲစိတ်လူနာ ၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“သမီးလုပ်တဲ့သူကတော့ အမေဆေးခန်းသွားပြပါ။ ကိုယ်သွားပြလို့ရှိရင် လက်ထဲမှာ ပိုက်ဆံကတစ်ပြားမှမရှိဘူးလေ။ မရှိတဲ့အတွက်ကြောင့် ကျွန်မလည်းသွားမပြဘဲနဲ့ ဝေဒနာကိုပဲခံစားရပါတယ်။ အခုလို ဆရာတို့ သဘော်လာတဲ့အတွက် ကြားရချင်းပဲ အရမ်းလည်းဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ မျက်စိခွဲပြီးသွားတော့ မြင်ရတာလည်း ကြည်လင်သွားပါတယ်။ ဆရာတို့ကိုလည်း မြင်တွေ့ရတယ်ပေ့ါနော်။ အရမ်းပဲဝမ်းသာပါတယ်။ အခုလို ဆရာတို့နဲ့တွေ့တာ၊ ကျွန်မကို မျက်စိလေးကူညီပြီးတော့ ခွဲပေးတာ အရမ်းကျေးဇူးတင်ပါတယ်။ အိပ်ရာဝင်တိုင်းဝင်တိုင်းမှာ ဆရာတွေ







အကုန်လုံးကိုပေ့ါနော် ဆုတောင်းပေးပါတယ်။ ကျန်းမာပါစေ၊ ချမ်းသာပါစေ” ဟု ပြောသည်။


“ကျွန်တော်က ဘာလဲဆိုတော့ ဂေါက်ရောဂါပါ။ အရိုးအဆစ်တွေမှာ အဖုတွေ ထွက်တာပါ။ အဲ့တာကို လာခွဲတာပါ။ မတည့်တာစားလို့ ထွက်တယ်ပေ့ါ။ ရှောင်ပါတဲ့ မတည့်တာကိုရှောင်ပေးပါတဲ့။ ကျွန်တော်တို့ကျေးရွာမှာလည်း တိုက်နယ်ဆေးရုံရှိတယ်။ သို့သော်ငြားလည်း ကျွန်တော် ခွဲမလို့ပါပဲ။ ဆရာဝန်က ပြောင်းသွားတယ်။ ပြောင်းရတယ်လေ။ အဲ့လိုပြောင်းရတဲ့အခါကျတော့ ကျွန်တော် မခွဲရတော့ဘူး။ အခုလို ကျွန်တော်သွားခွဲမယ်ဆိုပြီး ရန်ကုန်ကို သွားခွဲရမှာဆိုတော့ ကိုယ်သွားချင်တဲ့အချိန် သွားလို့မရဘူး။ အဖော်တစ်ယောက်ပါမှလေ။ ကျွန်တော့်မှာက နောက်ကလိုက်ပေးမယ့်သူမရှိဘူး။ အခုလို နယ်လှည့်ဆေးလာကုပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ခွဲစိတ်ပေးတဲ့အတွက်လည်း အထူးပဲဝမ်းသာပီတိဖြစ်ပါတယ်။ ပါရဂူတွေ စုံလင်စွာပါတဲ့အတွက်၊ အများပြည်သူတွေလည်း ကုသခွင့်ရတဲ့အတွက် သူတို့ကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်”ဟု ပြောသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Yinmabin District plants more than 18,000 acres of vegetables in cold season



YINMABIN January 27

Statistics of Yinmabin District Agriculture Department of Sagaing Region stated that a total of 18,886 acres of vegetables have been planted in the district this cold season.

In 2024-2025 cold season, local authorities earmarked cultivation of 19,545 acres of vegetables in Yinmabin District but farmers have so far planted 18,886 acres of crops against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department, explained: "Township authorities adopted a plan to grow more than 19,000 acres of vegetables in the district but farmers have so far grown over 18,000 acres of crops against the target. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage, cucumber and lady-finger and others. Our department urged local farmers to use GAP system in growing the crops and produce healthy crops with least chemical residues"

This year, Yinmabin Township planted 3,881 acres of vegetables, Kani Township 6,705 acres, Salingyi Township 6,800 acres and Pale Township 2,500 acres, totalling 18,886 acres.

In setting plans to grow crops in 2024-2025 cold season, Yinmabin Township earmarked 4,320 acres of vegetables, Kani Township 5,790 acres, Salingyi Township 6,700 acres and Pale Township 2,735 acres, totalling 19,545 acres.

Officials from relevant Departments of Agriculture conduct training courses for local farmers and agricultural staff to enhance their capacity to grow vegetables in GAP system, produce healthy crops and expand sown acreage of vegetables.

Officials from the department helped local farmers with correct agricultural techniques, prevention of pests, use of natural fertilizers and pests.

**SK**

# More than 22,000 acres of canola and niger planted in Katha District

KATHA January 27

According to the Katha District Agriculture Department, a total of 22,378 acres of canola and niger have been planted as cold season crops in the district of Sagaing Region.

In 2024-2025 cold season, Katha District earmarked 23,832 acres of canola and niger. Local farmers started cultivation of these crops on 22,378 acres of croplands in October 2024.

U Myint Soe, Head of Katha District Agriculture Department explained: "Local farmers cultivate canola and niger yearly. These crops can be used in extracting oil for cooking as well as traditional medicines. This year, local farmers planted more than 22,000 acres of canola and niger in the district against the target of more than 23,000 acres of crops. They continue cultivation of crops in the district with the aim of meeting the target cultivation."

In Katha District, Katha Township finished cultivation of 149 acres of canola and 12,749 acres of niger, Indaw Township 150 acres of canola and 2,200 acres of niger, Htigyaing Township 4,680 acres of niger and Bamauk Township, 2,221 acres of canola and 229 acres of niger, totalling 22,378 acres.

With regard to setting cultivation plans, Katha Township has to grow 207 acres of canola and 13,600 acres of niger, Indaw Township 220 acres of canola and 1,860 acres of niger, Htigyaing Township 335 acres of canola and 3,970 acres of niger and Bamauk Township 3,220 acres of canola and 420 acres of niger, totalling 23,832 acres.

They grow canola and niger yearly. Among the townships of Sagaing Region, Katha and Kawlin townships mostly grow canola and niger.

**SMK**

# Mingin Township grows over 5,000 acres of winter sesames



MINGIN January 27

A total of 5,322 acres of winter sesame have been planted in Mingin Township, Kalay District, Sagaing Region, according to statistics from the Department of Agriculture for Mingin Township.

During the 2024-2025 winter crops planting season, 4,899 acres of winter sesame are planned to be planted in Mingin Township, and 5,322 acres have been planted since mid-October this year.

"As for sesame cultivation, it is possible to plant more than the designated acres at the present time. Sesame cultivation is improving year by year. Sesame is planted in rainy season. It is in a successful position," said Daw Hayman Kyaw Win, head of the Department of Agriculture for Mingin Township.

This year, the township Department of Agriculture is providing knowledge to the winter sesame growers in Kyaungmyaung Sub-Township to expand sesame cultivation, to plant using GAP methods, to plant good varieties, and to plant varieties with good yield.

**SMK**

# Farmers in Thabaung Township complete cultivation of black gram on more than 4,000 acres of land

THABAUNG January 27

A total of 4,301 acres of black gram has been planted in Thabaung Township of Ayeyawady Region, said Daw Aye Aye Mu, Head of Pathein District Agriculture Department.

Local authorities earmarked cultivation of 13,976 acres of black gram in Thabaung Township this cold season. But, local farmers started cultivation of black gram in the first week of October. So far, they have grown 4,301 acres of crops. Officials of the Township Agriculture Department provided necessary assistance for local farmers in growing the black gram with agricultural techniques for meeting the target cultivation.

Daw Aye Aye Mu explained: "So far, farmers have planted more than 4,000 acres of black gram in Thabaung Township. They continue cultivation of crops to meet the target cultivation. The Agriculture Department provides necessary techniques and agricultural inputs for farmers to grow all cold season crops without difficulties."

Department of Agriculture, Township Administration Body and relevant departments are joining hands in providing necessary aid for local farmers in growing black grams to meet the target cultivation.

**SK**

# Farmers harvest more than 6,000 acres of corns in Sagaing Township



SAGAING January 27

According to Sagaing Township Agriculture Department, local farmers have harvested 6,403 acres of corns planted in monsoon in Sagaing Township of Sagaing Region.

Local farmers could grow 6,403 acres of corn as monsoon crops in Sagaing Region. Farmers started harvesting of crops in August this year. So far, they have reaped all 6,403 acres of corns in the township, producing 15,000 pieces of corn per acre.

U Zaw Oo, Head of Sagaing Township Department of Agriculture, clarified: "Farmers have so far harvested all 6,403 acres of corns in the township with high yield of crops. Our department helped local farmers prevent pests to boost per-acre yield of crops."

Officials of the Township Agriculture Department lectured local farmers and agricultural staff to share agricultural techniques of growing corns in the township with field demonstration and prevention of FAW and other pests. In addition, officials trained the local farmers make natural fertilizers and pests with the use of traditional raw materials obtained from vicinity.

Farmers need to spend more than Ks-500,000 per acre of growing the corns. It yields 15,000 pieces of corns per acre in Sagaing Township. **SK**

# Farmers plant more than 2,000 acres of kitchen crops in Pwintbyu Township

PWINTBYU January 27

According to the Township Agriculture Department, local farmers have planted 2,178 acres of kitchen crops in cold season this year in Pwintbyu Township of Magway Region.

Local authorities earmarked cultivation of 2,557 acres of kitchen crops this year in Pwintbyu Township but local farmers have so far planted 2,178 acres of crops against the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "Farmers have grown 2,178 acres of kitchen crops against the target of 2,557 acres in the township to ensure food security and increase incomes for farmers' families. We supervise local farmers in growing crops whether they use GAP system and fertilizers or not to increase per-acre yield of crops."

Under the guidance of the Township Agriculture Department, local farmers are striving for meet the target cultivation in cold season this year. So far, local farmers have planted 992 acres of dried chilli, 1,148 acres of onion, and 38 acres of garlic, totalling 2,178 acres. **SK**

# Betel leaves marketable in Kyaiklat Township



KYAIKLAT January 27

Betel leaves produced from Kyaiklat Township of Ayeyawady Region is in good trading at the domestic market, said Daw Thuza, the owner of betel leave trading commodity in Kyaiklat Township.

Starting from the second week of December, trading process of betel leaves is rising day by day at the domestic market. The leave fetches Ks-1,400 per viss.

Daw Thuza disclosed: "At present, betel leaves are marketable in the township. It faces high demand from merchants of Bogale, Mawlamyinegyun and other regions. Local merchants deliver betel leaves to customers. Consequently, high trading of betel leave helps local betel farmers with convenience of livelihoods."

Merchants sell betel leaves from Kyaiklat Township with systematic packaging process to be sent to other regions. Now, local growers, merchants, wholesale centres and farming workers and freight workers are convenient in earning incomes.

**SK**

# Monsoon paddy plantations harvested in Ayadaw Township

AYADAW January 27

Local farmers have reaped 5,673 acres of monsoon paddy planted this year's monsoon in Ayadaw Township of Sagaing Region, according to the statistics of Monywa District Agriculture Department.

They grew monsoon paddy on 21,479 acres of farmlands as monsoon crops in Ayadaw Township this year. They started harvesting of crops in November 2024. So far, they have reaped 5,673 acres of monsoon paddy, yielding 77.90 baskets of paddy per acre.

Daw San San Myint, Head of Monywa District Agriculture Department unveiled: "Local farmers have so far harvested more than 5,000 acres of monsoon paddy out of more than 21,000 acres of paddy in Ayadaw Township. Our department provides necessary assistance and agricultural techniques for local farmers and urges them to grow monsoon in time."

This year, officials of relevant township Agriculture Department cooperate with local farmers in growing monsoon paddy without any difficulties.

Officials of the department raise farmer awareness with agricultural techniques to prevent pests, minimize loss and waste of crops and keep crops under shelter in time.

Moreover, staff members of the Township Department of Agriculture participate in selecting quality strains of crops, conducting surveillance against pests, weeding the paddy plantations, removing different strains of crops and giving training to local farmers to systematically use fertilizers.

**SMK**

# More than 23,000 acres of monsoon paddy harvested in Mingin Township

MINGIN January 27

The Agriculture Department of Mingin Township in Sagaing Region stated that a total of 23,937 acres of monsoon paddy has been harvested in the township.

Local farmers grew 31,714 acres of monsoon paddy in Mingin Township. They started harvest of paddy in October 2024, and so far, they have harvested 23,937 acres of monsoon paddy, yielding 88.05 baskets of paddy per acre.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department, said: "Local farmers have planted more than 30,000 acres of monsoon paddy, over 23,000 acres of which has been harvested. Our department helped local farmers with necessary technology and quality strains of crops as well as arranged farmers to grow monsoon paddy in time."

This year, officials of the Township Agriculture Department cooperated with local farmers in growing monsoon paddy without difficulties this year.

Officials raised farmer awareness to grow monsoon paddy with agricultural techniques, prevention of pests, minimizing loss and waste of crops and keeping paddy under shelter in time.

Moreover, officials of Township Agriculture Department participated in selection of quality strains of crops, surveillance over pests, weeding paddy plantations, removal of different strains of crops and systematic use of fertilizers to boost per-acre yield of crops.

High yield of crops can help local farmers enjoy improvement of socio-economic life of local farmers.

**SMK**

# Lebanon agrees to extend ceasefire with Israel until February 18



Lebanon agrees to extend ceasefire with Israel until February 18.

BEIRUT January 27

Lebanon's caretaker government announced Monday that it has agreed to extend the ceasefire agreement with Israel until February 18 as the initial 60-day truce expired on Sunday.

The United States, which brokered the initial truce, said in a statement that "the ceasefire arrangement between Lebanon and Israel will remain in effect until February 18, 2025," citing Israel's failure to withdraw its forces from southern Lebanon before the deadline under the agreement.

The statement added that Lebanon, Israel, and the U.S. will soon begin negotiations on the return of Lebanese detainees held in Israeli prisons since October 7, 2023.

Lebanese caretaker Prime Minister Najib Mikati said the decision to extend the ceasefire was made "after consultations with President Joseph Aoun and Parliament Speaker Nabih Berri regarding the latest developments in the south, and after reviewing discussions with the U.S. mediator."

Meanwhile, Lebanon's Foreign Ministry accused Israel of failing to uphold its commitments, particularly regarding its withdrawal from Lebanese territory.

It also condemned "deliberate Israeli attacks on Lebanese civilians who were attempting to return to their occupied villages."

On Sunday, 22 people, including a Lebanese soldier, were killed, and 124 others injured by Israeli gunfire as hundreds of Lebanese civilians attempted to enter southern villages still occupied by Israeli forces, according to the Lebanese Health Ministry.

**Xinhua**

# Nearly 1,000 arrested as immigration raids continue across U.S.

HOUSTON January 27

Nearly 1,000 people suspected of being in the United States illegally were arrested on Sunday alone across the country, the U.S. Immigration and Customs Enforcement (ICE) said on X on Sunday night.

The ICE's targeted raids were reported from Chicago and Denver to major cities in Texas including Austin, Dallas and Fort Worth on Sunday.

In North Texas, 84 people were arrested and taken to the ICE's field office in Dallas for processing, an ICE spokesperson told a local media outlet on Sunday.

"There are consequences for entering the country illegally," said Tom Homan, the border czar appointed by U.S. President Donald Trump, warning of "collateral arrests" during raids.

Trump's administration carried out nationwide ICE raids during his first week back in office. By Thursday, roughly 1,300 people had been arrested across the country, Homan said.

Also on Sunday, in Austin, Dallas and Fort Worth, hundreds of people gathered, waving flags and holding signs to protest Trump's immigration policies.

News of the protest spread across social media over the weekend, with posts inviting people to "show up and speak up for those who can't."

Following his inauguration on Monday, Trump signed orders to label cartels as terrorist groups, declare a border emergency, and end birthright citizenship. The White House announced on Tuesday that it would allow federal immigration agencies, including the ICE, to make arrests at schools, churches and hospitals.

**Xinhua**

# 5 killed, 31 injured as fire engulfs residential colony in Pakistan's Punjab



5 killed, 31 injured as fire engulfs residential colony in Pakistan's Punjab.

ISLAMABAD January 27

Five people were killed and 31 others injured when fire engulfed a resident colony in Pakistan's eastern Punjab province in the early hours of Monday, officials said.

The incident happened at about 12:25 a.m. local time (GMT 1925 Sunday) in the Multan district where a massive explosion caused by a liquefied petroleum gas container leakage rocked the colony, sources from the district's police told Xinhua.

The gas leakage triggered the fire, and the force of the blast scattered debris over a wide area, severely impacting the densely populated colony.

The police confirmed that the blaze has been brought under control, following extensive firefighting efforts. The injured have been shifted to nearby hospitals, and several of them are in critical condition.

Officials are conducting an assessment of the total damage caused by the explosion, which also disrupted daily life in the vicinity.

Incidents involving gas explosions remain a concern in Pakistan due to inadequate safety measures and poor infrastructure, often leading to tragic consequences.

**Xinhua**

# Large-scale military drills launched in W. Iran

TEHRAN January 27

The Iranian army's ground force launched large-scale "security, offensive and mobile" drills in the western province of Kermanshah on Monday, the semi-official Tasnim news agency reported.

The drills, involving the ground force's special force, airborne and armored brigades, aviation and drone units, and electronic warfare battalions, started in the NaftShahr region of Qasr-e Shirin County, according to the report.

The drills aim to improve the forces' preparedness to counter any foreign threat to Iran's order and security, according to Tasnim.

Iranian Army's Ground Force Commander KioumarsHeidari and several high-ranking commanders attended the first stage of the drills which featured the overhaul of several helicopters under the force's aviation fleet and their delivery to a base in Kermanshah, according to a press release published on the army's public relations website.

**Xinhua**

# China's homegrown AI video generation platform launches new version

BEIJING January 27

ShengShu Technology, a Beijing-based AI startup, has unveiled its updated video generation model, Vidu 2.0, which can create a single 4-second video clip at 512p resolution within just 10 seconds, Science and Technology Daily reported on Monday.

The report states that the cost of generating such a video is 2.4 yuan (about 0.33 U.S. dollars) per minute.

Video generation models have rapidly improved in terms of quality, but the speed at which a video is generated remains a significant obstacle. Previously, free users often had to wait for hours to generate a single piece of footage.

Launched globally in July 2024, Vidu 1.0 reduced the time to generate a single video clip to under 30 seconds, and within 100 days, it gained over 10 million users. To date, Vidu has generated over 100 million video clips.

Vidu's greatest breakthrough lies in its ability to establish logical relationships among multiple user-specified objects within a scene, according to Tang Jiayu, the CEO of ShengShu Technology.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Electric cars are now MORE reliable than their petrol and diesel counterparts, study claims

Electric vehicle (EVs) sales have slumped in Britain, with the public struggling to fall in love with the technology.

A shortage of public chargers fuels 'range anxiety' among motorists worried about where they can top up their batteries, while high prices have also put off would-be buyers.

Despite these fears, a new study claims that EVs are even more reliable than traditional cars and vans with petrol and diesel engines.

Researchers from the University of Birminghamand the London School of Economics (LSE),analysed the 'health' of nearly 300 million vehicles on UK roads.

Their analysis found that battery electric vehicles (BEVs) not only had a lower likelihood of failure, but also a comparable lifespan to traditional cars and vans.

According to the team, this marks a 'pivotal moment in the drive towards sustainable transportation'.

Co-author Dr Viet Nguyen-Tien, from the LSE, said: 'Our findings provide critical insights into the lifespan and environmental impact of electric vehicles.

'No longer just a niche option, BEVs are a viable and sustainable alternative to traditional vehicles - a significant step towards achieving a net-zero carbon future.'

In the study, the team used nearly 300 million UK Ministry of Transport test records to analyse UK vehicles from 2005 to 2022.

This allowed them to estimate the reliability and longevity of each vehicle.

Their analysis revealed that BEVs demonstrated the most rapid improvement in reliability, with a 12 percent lower likelihood of failure for each successive year of production.

For comparison, these figures were only 6.7 percent and 1.9 percent for petrol and diesel vehicles, respectively.

In addition, the results revealed that BEVs now have an average lifespan of 18.4 years and can travel up to 124,000 miles.

Petrol cars have a slightly longer average lifespan of 18.7 years, but with a lower mileage of 116,000 miles.

Meanwhile, diesel cars have a higher mileage (159,000 miles), but a shorter lifespan of 16.3 years.

As part of the study, the team also identified the top-performing brands in terms of vehicle longevity.

Among BEVs, Tesla leads the charge, while Audi is the best performer for petrol, and Skoda is the top for diesel.

'BEVs offer significant environmental benefits, especially as Europe switches to a more renewable energy mix,' said study co-author Robert Elliott, Professor of Economics at the University of Birmingham.






'Despite higher initial emissions from production, a long-lasting electric vehicle can quickly offset its carbon footprint, contributing to the fight against climate change - making them a more sustainable long-term option.

'Our findings offer consumers reliable data to make informed decisions about their vehicle purchases, whilst policymakers can use our insights to shape regulations and incentives that promote the adoption of durable and environmentally friendly vehicles and plan ahead their end-of-life treatment.'

However, the study comes as sales of electric cars have slowed in Britain.

A shortage of public chargers fuels 'range anxiety' among motorists worried about where they can top up their batteries, while high prices have also put off would-be buyers.

Electric vehicles run on energy from a charged battery much like a smartphone but come with hefty pricetags – around £46,000 on average in the UK.

'Electric vehicles typically cost more upfront,' say Milad Haghani, lecturer in urban analytics at UNSW Sydney, and HadiGhaderi, a supply chain professor at Swinburne University of Technology, in a piece for The Conversation.

'Sales have slowed in parts of Europe and the United States often due to reduced incentives, but strong sales growth continues in other regions such as China and India.'

The two experts say a 'flood of cheaper Chinese vehicles' is lowering the cost barrier.

However, these Eastern exports have triggered surveillance fears.

Another 'major issue' for car buyers is uncertainty about an electric model's resale value compared to a standard petrol or diesel, the researchers point out.

'Consumers are concerned electric vehicles depreciate faster than traditional cars... these concerns are particularly tied to battery degradation, which affects a car's range and performance over time.'


Meanwhile, EV fires have made headlines globally – including a high-profile battery fire in a Korean parking lot in August – creating doubts among consumers.

**Mail Online**

# Artificial Intelligence

မောင်ယုယ-စုစည်းသည်

## လူတစ်ဦးအတွက် ဒေါ်လာသန်း ၂၀ ကုန်ကျမည့် AI နည်းပညာသုံး မြေအောက်လူနေဘန်ကာ





အမေရိကန်အခြေပြု SAFE ကုမ္ပဏီသည် ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိ AI နည်းပညာသုံး မြေအောက်လူနေဘန်ကာတစ်ခုကို တည်ဆောက်လျက်ရှိသည်။

အဆိုပါလူနေဘန်ကာတည်ဆောက်မည့် စီမံကိန်းကို Aerie ဟု အမည်ပေးထားပြီး အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်တွင် ယခုနှစ် ဇန်နဝါရီလအစောပိုင်းမှစ၍ အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်သည်။

SAFE ကုမ္ပဏီသည် အဆောက်အအုံများကို လုံခြုံရေးအတွက် အဓိကအာရုံစိုက်တည်ဆောက်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်းတို့၏မြေအောက်လူနေဘန်ကာကြီးကို ၂၀၂၆ ခုနှစ်တွင် ဖွင့်လှစ်ရန်စီစဉ်ထားသည်။

ယင်းဘန်ကာအတွင်း၌ ရေကူးကန်တစ်ခု၊ စက်ရုပ်နည်းပညာသုံး ဆေးကုသခန်းများ၊ ဘိုးလင်းအားကစားရုံတစ်ခု၊ အမြင့်တက်လိုသူများအတွက် အမြင့်သို့တက်လှမ်းနိုင်မည့်နံရံတစ်ခု၊ စားသောက်ဖွယ်ရာများကို နှစ်သက်သူများအတွက်လည်း ထူးခြားသည့်အစားအစာများရရှိနိုင်သည့် စားသောက်ခန်းတစ်ခုပါဝင်မည်ဖြစ်ကြောင်း SAFE ကုမ္ပဏီတည်ထောင်သူ အယ်လ်ကော်ဘီက Forbes မဂ္ဂဇင်းသို့ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ပြောကြားခဲ့သည်။

အဆိုပါလူနေဘန်ကာတွင် နေထိုင်နိုင်ရန်အတွက် တစ်ဦးလျှင် ဒေါ်လာသန်း ၂၀ ကုန်ကျမည်ဖြစ်သောကြောင့်ယင်းဘန်ကာအတွင်း၌ ငွေကြေးအလွန်ကြွယ်ဝသည့် လူ ၆၂၅ ဦးသာနေထိုင်နိုင်မည်ဖြစ်သော်လည်း SAFE ကုမ္ပဏီအနေဖြင့် ထိုကဲ့သို့လူနေဘန်ကာမျိုးကို အခြားပြည်နယ် ၅၀ တွင် ထပ်မံတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

Ref: RT

## Woven City သို့မဟုတ် AI နှင့် အခြားနည်းပညာများကို အသုံးပြု၍ တည်ဆောက်ထားသည့် အနာဂတ်မြို့

ဂျပန်ကားပညာကုမ္ပဏီကြီးတစ်ခုက ဖန်တီးတည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ပထမဆုံးသော အနာဂတ်မြို့ကြီးသည် မကြာမီကာလအတွင်း မြို့အတွင်းနေထိုင်မည့်သူများကို လက်ခံတော့မည်ဖြစ်သည်။

Woven City ဟု အမည်ပေးထားသည့် အဆိုပါအနာဂတ်မြို့ကြီးကို တိုယိုတာကားကုမ္ပဏီက ဖူဂျီတောင်ခြေတွင် ၂၀၂၁ ခုနှစ်မှစ၍ တည်ဆောက်နေခြင်းဖြစ်ပြီး ယင်းမြို့တွင် ဉာဏ်ရည်တုနည်းပညာ (AI) နှင့် အခြားနည်းပညာကိုအသုံးပြု၍ တည်ဆောက်ထားသည့် စမတ်နေအိမ်အနည်းဆုံး ၁၁ လုံးပါဝင်မည်ဖြစ်သည်။

မြို့ကြီးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ဟိုက်ဒရိုဂျင်လောင်စာဆဲလ်များကိုအသုံးပြု၍ ထုတ်လုပ်မည်ဖြစ်သည်။

ဒေါ်လာ ၁၀ ဘီလီယံ ကုန်ကျမည့် အဆိုပါစီမံကိန်းသည် အနာဂတ်နည်းပညာများကို ထုတ်ဖော်ရာတွင် ဓာတ်ခွဲခန်းတစ်ခုကဲ့သို့လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုနှစ် ဆောင်းဦးရာသီမှစ၍ အဆိုပါအနာဂတ်မြို့တွင် လူ ၁၀၀ ခန့်စတင်နေထိုင်မည်ဖြစ်ပြီး ၎င်းတို့မှာ တိုယိုတာကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သည်။

နောက်ပိုင်းတွင်မြို့အတွင်းနေထိုင်မည့် လူဦးရေကို ၂၂၀၀ ဦးအထိတိုးမြှင့်မည်ဖြစ်ပြီး ၎င်းတို့အနက် အထူးသဖြင့် သိပ္ပံပညာဆန်းသစ်တီထွင်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အိမ်မွေးတိရစ္ဆာန်များလည်း ပါဝင်မည်ဖြစ်သည်။

မြို့အတွင်းနေထိုင်သူများအနေဖြင့် ညအချိန်သွားလာရာတွင် ဘေးကင်းစေရန်အတွက် အစောင့်အရှောက်အဖြစ် ဒရုန်းများက လိုက်ပါပေးမည့်အပြင် သက်ကြီးရွယ်အိုများအား အကူအညီပေးရန်အတွက်အိမ်မွေးတိရစ္ဆာန်ပုံသဏ္ဍာန်ဖန်တီးထုတ်လုပ်ထားသည့် စက်ရုပ်များလည်းပါဝင်မည်ဖြစ်ပြီး အလိုအလျောက်မောင်းနှင်သည့် နည်းပညာကိုလည်း ထည့်သွင်းပေးမည်ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။



တိုယိုတာကုမ္ပဏီသည် ယင်းမြို့အတွင်း၌ အလိုအလျောက်စနစ်ဖြင့် မောင်းနှင်နိုင်မည့်ပြိုင်ကားတစ်မျိုးကိုထုတ်လုပ်ရန်ကြိုးပမ်းလျက်ရှိသည်။ Woven City စီမံကိန်းသည် ယခုအခါတည်ဆောက်မှုအဆင့် ၂ သို့ ဝင်ရောက်လာပြီဖြစ်သည်။

Ref: MO

## ဩစတြေးလျအရှေ့တောင်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဒေသအများအပြားတွင် မီးအသုံးပြုမှုတားမြစ်ချက်များထုတ်ပြန်

ဆစ်ဒနီ၊ သဘာဝဘေး

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇန်နဝါရီလ ၂၇ ရက်က အပူလှိုင်းဖြတ်သန်းမှုကြောင့် အာဏာပိုင်အဖွဲ့က ဗစ်တိုးရီးယားပြည်နယ်အတွင်းရှိ ဒေသအများအပြားတွင် မီးအသုံးပြုမှုနှင့် စပ်လျဉ်း၍တားမြစ်ချက်များထုတ်ပြန်ခဲ့ရကြောင်းသိရသည်။

အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားစဉ် ဗစ်တိုးရီးယားပြည်နယ်ရှိ မဲလ်ဘုန်းမြို့တွင် အပူချိန်သည် ၄၁ ဒီဂရီအထိမြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ အဆိုပါအပူချိန်သည် မဲလ်ဘုန်းမြို့၏ ဇန်နဝါရီလအတွင်း အမြင့်ဆုံးအပူချိန်ထက် ၁၄ ဒီဂရီမြင့်တက်လျက်ရှိသည်။

ရာသီဥတုပူပြင်းမှုနှင့်လေပြင်းတိုက်ခတ်မှုကြောင့် ပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် အာဏာပိုင်အဖွဲ့က ပြည်နယ်အတွင်းရှိ ဒေသ ၅ ခုအတွင်း၌ အန္တရာယ်ဇုန်နှင့် အန္တရာယ်ဒုတိယအများဆုံးကျရောက်နိုင်သောဇုန်ဟူ၍ ဇန်နဝါရီလ ၂၇ ရက်တွင် ခွဲခြားသတ်မှတ်ထားကြောင်း မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ ဒင်းနာရာမောကပြောသည်။

နိုင်ငံအတွင်းရှိ အခြားပြည်နယ်များဖြစ်သည့် နယူးဆောက်ဝေး၊ ကွင်းစလန်း၊ မြောက်ပိုင်းနယ်မြေနှင့် နိုင်ငံတောင်ပိုင်း၊ အနောက်ပိုင်းများရှိ ပြည်နယ်များတွင်လည်း အာဏာပိုင်အဖွဲ့က အပူလှိုင်းဖြတ်သန်းမှုကြောင့် သတိပေးချက်များထုတ်ပြန်ခဲ့ရကြောင်း သိရသည်။ ၎င်းပြည်နယ်များအနက် နယူးဆောက်ဝေးပြည်နယ်သည် လူနေအထူထပ်ဆုံးသောပြည်နယ်ဖြစ်ပြီး ဇန်နဝါရီလ ၂၇ ရက်တွင် အပူလှိုင်းဆိုးရွားစွာဖြတ်သန်းမှုနည်းပါးသော်လည်း ဇန်နဝါရီလ ၂၈ ရက်တွင် အပူချိန်ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။




Ref: ST

# နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရန်အတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး



**မွမ်ဘိုင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် တရုတ်နှင့်အိန္ဒိယနိုင်ငံကြား ဆက်ဆံရေးတိုးတက်စေရန်အတွက် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီခရမ်မစ်စရီနှင့် ပေကျင်းမြို့တော်၌ ဇန်နဝါရီလ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးသည်။

တရုတ်နှင့်အိန္ဒိယတို့အနေဖြင့် နှစ်နိုင်ငံကြား ဖြစ်ပွားနေသည့် နယ်စပ်အငြင်းပွားမှုကို လျှော့ချနိုင်ရေးအတွက် လွန်ခဲ့သည့်နှစ်အတွင်းက ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကိုဖော်ဆောင်နေစဉ်အတွင်း ယုံကြည်မှုနှင့်နားလည်မှုကို တိုးမြှင့်သင့်ကြောင်း ဝမ်ယိက အဆိုပါတွေ့ဆုံပွဲတွင် ပြောကြားသည်။

ထို့ပြင် တရုတ်နှင့် အိန္ဒိယတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦးအပေါ် သံသယဖြစ်ခြင်းကို ရှောင်ရှားသင့်ပြီး နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီသည့်ဆက်ဆံရေးကို ပိုမိုတိုးတက်လာစေရန်နှင့် အာရှဒေသ၏ငြိမ်းချမ်းရေးကို သာမက ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်စေရန် လုပ်ဆောင်သင့်ကြောင်း ဝမ်ယိက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေသည့် တွေ့ဆုံဆွေးနွေးမှုများကို ကျင်းပလျက်ရှိပြီး နှစ်နိုင်ငံကြားရှိ ကွဲပြားမှုများကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီခရမ်မစ်စရီကတုံ့ပြန်ပြောကြားသည်။

နှစ်နိုင်ငံကြားဆက်ဆံရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုများကြောင့် ယိုယွင်းခဲ့ရသော်လည်း ယခုအခါ သံတမန်ရေးနှင့် ကာကွယ်ရေးဆိုင်ရာတွေ့ဆုံဆွေးနွေးမှုများကို ကျင်းပခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမှာ ပြန်လည်ကောင်းမွန်တိုးတက်လာခဲ့ကြောင်း သိရသည်။

**Ref: RT**

# IS စစ်သွေးကြွအဖွဲ့ဝင်များအပါအဝင် အကြမ်းဖက်သမား ၃၇ ဦးအား အရှေ့အာဖရိက ဒေသတစ်ဝန်းတွင် ဖမ်းဆီးနိုင်ခဲ့




**ပဲရစ်၊ အကြမ်းဖက်တန်ပြန်တိုက်ဖျက်မှု**

IS စစ်သွေးကြွအဖွဲ့ဝင်များ အပါအဝင် အကြမ်းဖက်သမား ၃၇ ဦးအား အရှေ့အာဖရိက ဒေသတစ်ဝန်းတွင်ဖမ်းဆီးနိုင်ခဲ့ကြောင်း အင်တာပိုအဖွဲ့က ဇန်နဝါရီလ ၂၇ ရက်တွင် ထုတ်ပြန်သည်။

အင်တာပိုအဖွဲ့သည် စစ်သွေးကြွအဖွဲ့မှ အကြမ်းဖက်သမားများအား အာဖရိကဒေသလုံးဆိုင်ရာ ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် အကြမ်းဖက်တိုက်ဖျက်ရေးစစ်ဆင်မှုများအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာပိုအဖွဲ့သည်အာဖရိကတွင်လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်တိုက်ဖျက်ရေးစစ်ဆင်မှုများအတွင်း ကင်ညာနိုင်ငံမှ နှစ်ဦး၊ မိုဇမ်ဘစ်နှင့် တန်ဇန်းနီးယားနိုင်ငံများတွင် တစ်ဦးစီ ဖမ်းဆီးရမိခဲ့ပြီး အခြားအကြမ်းဖက်သမားများကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဆိုမာလီယာနိုင်ငံတို့တွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အကြမ်းဖက်တိုက်ဖျက်မှုတွင် ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလဒ်ထွက်ပေါ်လာခြင်းသည် အကြမ်းဖက်ဝါဒအား တိုက်ဖျက်ရေးတွင် နိုင်ငံတကာ၏ပူးပေါင်းဆောင်ရွက်မှု၏ စွမ်းအားကိုဖော်ပြခဲ့ခြင်းဖြစ်ကြောင်း အင်တာပိုမှ ဆီရေးဂေါက်က ပြောကြားခဲ့သည်။

**Ref: ST**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### အစ္စရေးဓားစာခံခြောက်ဦးကို ဟားမက်အဖွဲ့က ယခုရက်သတ္တပတ်အတွင်း ပြန်လွှတ်ပေးမည်

ဟားမက်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသည့် အစ္စရေးဓားစာခံခြောက်ဦးကို ယခုရက်သတ္တပတ်အတွင်း ပြန်လွှတ်ပေးရန် အစ္စရေးနှင့် အဆိုပါအဖွဲ့တို့ကြား သဘောတူညီခဲ့ကြကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၇ ရက်တွင် ထုတ်ပြန်သည်။

ကြားဝင်ဖျန်ဖြေပေးသည့် နိုင်ငံများ၏ကြိုးပမ်းမှုများကြောင့် ဖမ်းဆီးခံထားရသည့် ဓားစာခံများကိုပြန်လွှတ်ပေးရန် နှစ်ဖက်အဖွဲ့အစည်းများကြား သဘောတူညီခဲ့ခြင်းဖြစ်သည်။ အစ္စရေးဓားစာခံများအနက် အာဘယ်ယေဟူဒါနှင့် အခြားနှစ်ဦးကို ဟားမက်အဖွဲ့က ယခုရက်သတ္တပတ်မကုန်မီ ပြန်လွှတ်ပေးမည်ဖြစ်ပြီး အခြားသုံးဦးကိုမူ ရက်သတ္တပတ်အကုန်ပိုင်းတွင် ထပ်မံလွှတ်ပေးမည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် အစ္စရေးက နေရပ်စွန့်ခွာခဲ့ရသည့် ပါလက်စတိုင်းများအား ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

..............................

### BRICS အဖွဲ့နှင့် ကုန်သွယ်မှု တိုးမြှင့်၍ လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်ချမှတ်နိုင်ရေး မလေးရှားလုပ်ဆောင်မည်

မလေးရှားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း BRICS အဖွဲ့နှင့် ကုန်သွယ်မှုတိုးမြှင့်၍ လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရေးလုပ်ဆောင်မည်ဖြစ်ကြောင်း မလေးရှား ပြည်ပကုန်သွယ်မှုတိုးတက်ရေးကော်ပိုရေးရှင်းက ဇန်နဝါရီလ ၂၇ ရက်တွင် ထုတ်ပြန်သည်။

ထို့ပြင် မလေးရှားနိုင်ငံက BRICS အဖွဲ့တွင် လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်နေခြင်းသည် ကုန်သွယ်ရေးသံခင်းတမန်ခင်းတွင် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း မလေးရှားပြည်ပကုန်သွယ်မှုတိုးတက်ရေးကော်ပိုရေးရှင်းက ပြောသည်။

BRICS အဖွဲ့နှင့် လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ခြင်းအားဖြင့် မလေးရှားနိုင်ငံက အခွန်ကင်းလွတ်ခွင့်ရရှိမည့် ဈေးကွက်အတွင်းသို့ဝင်ရောက်နိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာလည်း ကမ္ဘာ့ဈေးကွက်အတွင်း ပြိုင်ဆိုင်နိုင်စွမ်းရှိလာမည်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

# ကီလိုမီတာ ၆၀၀၀ ကျော်အကွာအဝေးကို လန်ချားဆွဲပြီး ခြေကျင်ခရီးသွားခြင်းကို ဂျပန်အမျိုးသားအောင်မြင်စွာအဆုံးသတ်နိုင်ခဲ့



**ကိတ်တောင်း၊ ခရီးသွားလာမှု**

ဂျပန်အမျိုးသားတစ်ဦးသည် ကီလိုမီတာ ၆၀၀၀ ကျော်သည့်အကွာအဝေးကို လန်ချားဆွဲပြီး ခြေကျင်ခရီးသွားခြင်းကို အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ်ရှိ ယူဂျီဂမ့်ဆူဇူကီးသည် ကင်ညာနိုင်ငံမှ တောင်အာဖရိကနိုင်ငံအထိ ကီလိုမီတာ ၆၀၀၀ ကျော်ကွာဝေးသည့် အကွာအဝေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး တောင်အာဖရိကနိုင်ငံရှိ ကိတ်တောင်းမြို့သို့ ဇန်နဝါရီလ ၂၆ ရက်တွင် ရောက်ရှိလာခြင်းဖြစ်သည်။

ဆူဇူကီးသည် ခြေကျင်သွား၍ လန်ချားဆွဲမည့်ခရီးစဉ်ကို ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်မှ စတင်ခဲ့ခြင်းဖြစ်ပြီး လမ်းခရီးတစ်လျှောက်တွင် ၎င်းသည် တန်ဇန်းနီးယား၊ ဇမ်ဘီယာ၊ ဘော့စဝါနာနှင့် နမ်မီးဘီးယားနိုင်ငံတို့ကို ဖြတ်ကျော်ခဲ့ရသည်။ မိမိသည် ခရီးသွားလာခြင်းကိုနှစ်သက်သူဖြစ်ပြီး ခရီးသွားခြင်းကို ၉ နှစ်ကြာ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်နိုင်ခြင်းမှာ မိမိအား အားပေးထောက်ခံသူများက ပေးအပ်သည့်အားပေးမှုစွမ်းအားကြောင့် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆူဇူကီးက ပြောသည်။

ဆူဇူကီးသည် အဆိုပါလန်ချားဖြင့် တရုတ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်၊ ဥရောပဒေသအတွင်း၌ ကီလိုမီတာ ၂၅၀၀ ရှိသည့် ခရီးစဉ်နှင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင်လည်း ကီလိုမီတာ ၅၁၀၀ ကျော်ရှိသည့် ခရီးစဉ်များကိုသွားရောက်ပြီးဖြစ်ကြောင်း သိရသည်။

**Ref: ST**

# ရှမ်းပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တွေ့ဆုံ၍ လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် မှာကြား

**တောင်ကြီး ဇန်နဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိပြန်ကြားရေးဝန်ကြီးဌာနအောက်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ အောင်မြင်စေရေးအတွက် မီဒီယာလုပ်ငန်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်သည် တိုင်းရင်းသားပေါင်းစုံနေထိုင်ပြီး နယ်မြေဒေသကျယ်ဝန်းကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရပြီး ယင်းလုပ်ငန်းများ အောင်မြင်စေရေးနှင့် ပြည်သူများ ကျယ်ပြန့်စွာသိရှိစေရေးအတွက် မိမိတို့ဝန်ထမ်းများက မီဒီယာလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိစွာတာဝန်ထမ်းဆောင်ရန်လိုအပ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မီဒီယာလုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ ယခုအခါ မသမာသူများက သတင်းတု၊ သတင်းမှားများကိုထုတ်လွှင့်၍ ပြည်သူများအား အထင်အမြင်လွဲမှားအောင်ပြုလုပ်နေသည့်အတွက် မိမိတို့ဝန်ထမ်းများက သတင်းမှန် ပြန်ကြားရေးနှင့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များ မှန်ကန်စွာစီဆင်းရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ရေဒီယိုများတွင်သာမက အွန်လိုင်းပလက်ဖောင်းမျိုးစုံမှထုတ်လွှင့်ဖော်ပြပေးနေသဖြင့် ပြည်သူများ ကျယ်ပြန့်စွာသိမြင်စေရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) တွင် ပြည်သူများ အသိပညာမြင့်မားရေးအတွက် သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးနေသကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား သတင်းမီဒီယာလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန် သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ပေးကာ ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိ(အောက်စဖို့ဒ်ဆရာတော်) အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်အတွင်းကြည့်ရှုလေ့လာ၍ စာအုပ်စာစောင်များ ခင်းကျင်းဆောင်ရွက်ထားမှု၊ ရှေးဟောင်းစာပေကျမ်းဂန်များနှင့် ပေ၊ ပုရပိုက်များ ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုလေ့လာ၍ ကူညီဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများအား မေးမြန်းလျှောက်ထားသည်။

အဆိုပါ ဗုဒ္ဓတက္ကသိုလ်သည် အေဒီ ၅ ရာစုမှ ၁၂ ရာစုအတွင်း ဗုဒ္ဓဘာသာပညာရှင်ရဟန်းတော်များ တည်ထောင်ထားသည့် ကမ္ဘာ့ရှေးအကျဆုံး အဆင့်မြင့်ပညာရေးဌာနဖြစ်သည့် နာလန္ဒတက္ကသိုလ်နှင့် မြန်မာနိုင်ငံ၏ ပရိယတ္တိအမွေအနှစ်ကို ထင်ရှားကျယ်ပြန့်စွာ ဖော်ဆောင်သော ဓမ္မာစရိယနှင့် သာမဏေကျော်စာသင်နည်းတို့ကိုအားကျအတုယူလျက် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်(Shan State Buddhist University)အဖြစ် မြန်မာနိုင်ငံ ရှမ်းပြည်နယ်၌ ပထမဆုံးတည်ထောင်သော ဗုဒ္ဓတက္ကသိုလ်ဖြစ်သည်။

တည်ထောင်သူ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိသည် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့အရပ်ရပ်ရှိဗုဒ္ဓတက္ကသိုလ်များ စုစည်းပေးပြီး စည်းရုံးတည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာဗုဒ္ဓတက္ကသိုလ်ကြီးများအသင်း (International Association of Buddhist Universities) နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်အသင်းကြီး( The International Association of Theravada Buddhist Universities) အသင်းနှစ်ခု၏ အတွင်းရေးမှူးချုပ်အနေဖြင့် နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များနည်းတူ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အဆင့်မီ ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခုတည်ထောင်ရန် ပြင်းပြသောဆန္ဒဖြင့် တည်ထောင်ထားကြောင်း သိရသည်။

(၅၀၀)



# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။





ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ အနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည်တတ်ကျွမ်းရန်လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကိုလေးစားလိုက်နာပြီး ဥပဒေနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များကိုရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

သင်တန်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးကော်မတီများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်ဥပဒေ၊ ဥပဒေ မူကြမ်းရေးဆွဲခြင်း၊ ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲခြင်း၊ MoU၊ MOA စာချုပ်များစိစစ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်း၊ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့်ဆိုက်ဘာလုံခြုံရေးအသိပညာ၊ မြေယာဥပဒေ၊ ရာဇသတ်ကြီးဆိုင်ရာသိကောင်းစရာများ၊ နိုင်ငံ့ဝန်ထမ်းများအခြေခံအားဖြင့် သိသင့်သိထိုက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ စသည့်ဘာသာရပ်များကို ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းသို့ တက်ရောက်ပြီးသော အရာထမ်း၊ အမှုထမ်းများ ပေါင်းစပ်စုဖွဲ့၍ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတို့ကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြား ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်သူကို နည်းမျိုးစုံနဲ့ဒုက္ခပေးလျက် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ၂၉-၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံရပ်ခြားတွင်အခြေကျနေကုန်သော တော်လှန်ရေးဖန်းပြသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**ညအပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၁ ပေမှ ၂ ပေ ခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

(မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ ငွေကြေးများတောင်းခံခဲ့ကြသည့် ဝန်ထမ်းများအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့်ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များစနစ်တကျဖွဲ့စည်းထားရှိ၍ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရန် ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် ထုတ်ပြန်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆင့်ခေါ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသော်လည်း ဇန်နဝါရီလ ၂၆ ရက်နေ့၌ တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ ရွှေဘိုမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ငွေကြေးအလွဲသုံးစားမှုဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်အား မြေပြင်သတင်းစိစစ်ဖော်ထုတ်ခဲ့ရာ ဇန်နဝါရီလ ၂၄ ရက် ည ၇ နာရီခန့်တွင် ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲမှူးသန်းဇော်တို့ ဦးဆောင်သည့် ဧည့်စာရင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဘိုမြို့၊ အမှတ် (၄) ရပ်ကွက်အတွင်း ဧည့်စာရင်းလိုက်လံစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် မောင်ကျော်မင်းခန့်၊ အသက် (၂၄) နှစ်၊ အဘ ဦးကိုကိုလေး၊ ကျောက်မြစ်ကျေးရွာနေထိုင်သူသည် ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိဘဲ ရောက်ရှိနေထိုင်လျက်ရှိသဖြင့် ပြည်သူ့စစ်မှုထမ်းစာရင်းသွင်းမည်ဟုဆိုကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် မောင်ကျော်မင်းခန့်၏မိဘများထံသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွှန့်က ငွေကျပ်သိန်း ၁၃၀ ပေးပါက မောင်ကျော်မင်းခန့်အစား အခြားသူတစ်ဦးအား လူစားလဲလှယ်ပေးမည်ဟု ဆက်သွယ်ပြောဆိုလာခဲ့သဖြင့် ဇန်နဝါရီလ ၂၅ ရက် ညနေ ၃ နာရီခန့်တွင် မောင်ကျော်မင်းခန့်၏ ဖခင်ဖြစ်သူ ဦးကိုကိုလေးက သွားရောက်ပေးဆောင်ခဲ့ရကြောင်း သိရှိရသည်။



ရဲမှူးသန်းဇော်



အကြီးတန်းစာရေး ကျော်ခိုင်လတ်



အငယ်တန်းစာရေး သူရိန်ညွှန့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ငွေကြေးများတောင်းခံခဲ့ကြသူများအား တွေ့မြင်ရစဉ်။



မောင်ကျော်မင်းခန့်၏မိဘများထံသို့ ငွေကျပ်သိန်း ၁၃၀ အား ပြန်လည်ပေးအပ်စဉ်။

ဆက်လက်စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါငွေကျပ်သိန်း ၁၃၀ အား ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်က ၂၅ သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ကျော်ခိုင်လတ်က ၂၅ သိန်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွှန့်က သိန်း ၃၀၊ မောင်ကျော်မင်းခန့်အစား လူစားထိုးလဲလှယ်မည့် ရွှေဘိုမြို့၊ အမှတ် (၁၀)ရပ်ကွက်တွင် နေထိုင်သူ သန်းစိုးထိုက်က သိန်း ၅၀ စသည်ဖြင့် အသီးသီးခွဲယူခဲ့ကြကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးရယူဆောင်ရွက်ခဲ့ကြသူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ရယူခဲ့ကြသည့် ငွေကျပ်သိန်း ၁၃၀ ကိုလည်း မောင်ကျော်မင်းခန့်၏မိသားစုများထံသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီလ ၂၆ ရက် ည ၉ နာရီခွဲတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအားဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်သွားရန်နှင့် ငွေကြေးများတောင်းခံခြင်း၊ လူစားထိုးလဲလှယ်ခြင်းများမရှိစေရေး တာဝန်ရှိသူများမှ အသိပညာပေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဆင့်ခေါ်မှုမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများထုတ်ချေး



မင်းတုန်း ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကိုင်းငယ်ကျေးရွာ၌ ပဉ္စမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမျိုးသူက ကိုင်းငယ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြီး မိသားစုတစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၄၄ သိန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ကိုင်းငယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်သူ အသင်းသား၊ အသင်းသူစုစုပေါင်း ၉၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်မတည်ရန်ပုံငွေကျပ် ၃၄၄ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်

မိတ္ထီလာ ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်းရှိ ကျောက်ပုံကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကျောက်ပုံကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ကျောက်ပုံကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အကျယ် ၄ လက်မ၊ အနက်ပေ ၅၀ ရှိ တွင်းတိမ်သုံးတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ပေ ၁၇၀၀ ရှိ ရေတင်ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ပေ ၁၆၀၀ ရှိ လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၇၄ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၀ နှင့် လူဦးရေ ၆၈၀ အတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

## မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

ကျိုက်လတ် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ပြည်သူ့အားကစားကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက် ညနေပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဦးစိန်မြင့်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန နည်းပြဦးကျော်နိုင်ဦးဆောင်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဦးစိန်မြင့်က ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အုပ်စုနှစ်စုခွဲ၍ အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖွင့်ပွဲပထမနေ့ပွဲစဉ်အဖြစ် အုပ်စု(က) ရုံးပေါင်းစုံအသင်းနှင့် အောက်ဆင်ကူးအသင်းတို့က ယှဉ်ပြိုင်ကစားကြောင်းသိရသည်။

**လှိုင်မင်းအောင်**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
NAN MYAING
PURE ARABICA Coffee
Black Coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၆

# ကစားသမားဟောင်းနေမာကို အသင်းထံ ပြန်လည်ခေါ်ယူရန် အစီအစဉ်မရှိကြောင်း ဘာစီလိုနာအသင်းအတည်ပြုထုတ်ပြန်

ဘာစီလိုနာ ဇန်နဝါရီ ၂၇

ဘာစီလိုနာအသင်းက အသင်းကစားသမားဟောင်းနေမာကို အသင်းထံ ပြန်လည်ခေါ်ယူရန် အစီအစဉ်မရှိကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၃၂ နှစ်အရွယ် နေမာသည် ၂၀၁၃ ခုနှစ်က ဆန်းတို့စ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဥရောပဘောလုံးလောကသို့ စတင်ရောက်ရှိလာသူဖြစ်ပြီး ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်က ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

နေမာသည် ပီအက်စ်ဂျီအသင်းတွင် အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေခဲ့ရသည့်အတွက် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာတွင်လည်း ဒဏ်ရာပြဿနာများကြောင့် နှစ်ရာသီအတွင်း ခုနစ်ပွဲသာ ပါဝင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းကလည်း မြင့်မားသည့် လုပ်ခလစာပေးချေနေရသည့်အတွက် နေမာနှင့် လက်ကျန်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲလိုနေပြီး အစောပိုင်းက နေမာအနေဖြင့် အယ်ဟီလယ်အသင်းနှင့်လမ်းခွဲပြီးပါက အသင်းဟောင်းများဖြစ်သည့် ဆန်းတိုစ်အသင်းနှင့်ဘာစီလိုနာအသင်းမှ တစ်သင်းသို့ပြောင်းရွှေ့ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်နေသည့်အတွက် ဘာစီလိုနာအသင်းက ငြင်းဆိုခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ဂျူဗင်တပ်စ်အသင်း ရှုံးပွဲတွေ့ကြုံခဲ့ပြီးနောက် ရှုံးပွဲမရှိသေးသည့်တစ်သင်းတည်းသော အသင်းအဖြစ် ပီအက်စ်ဂျီအသင်းရပ်တည်လျက်ရှိ

ပါရီ ဇန်နဝါရီ ၂၇

ယခုဘောလုံးရာသီ ရာသီဝက်ကာလကျော်လွန်ချိန်တွင် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ယခုရက်သတ္တပတ်အတွင်း ဂျူဗင်တပ်စ်အသင်း ရှုံးပွဲတွေ့ကြုံခဲ့ပြီးနောက် ရှုံးပွဲမရှိသေးသည့် တစ်သင်းတည်းသော အသင်းအဖြစ် ပြင်သစ်ထိပ်သီး ပီအက်စ်ဂျီအသင်းက ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်းကစားသော ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲငါးခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ အီတလီစီးရီးအေပြိုင်ပွဲ၊ စပိန်လာလီဂါပြိုင်ပွဲ၊ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲနှင့် ပြင်သစ်လီဂူးပြိုင်ပွဲတို့တွင် ဂျူဗင်တပ်စ်အသင်းအနေဖြင့် နာပိုလီအသင်းကို ရှုံးနိမ့်ပြီးနောက် ယခုဘောလုံးရာသီတွင် ပထမဆုံး ရှုံးပွဲတွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရှုံးပွဲမရှိသေးသည့်အသင်းအဖြစ် ပီအက်စ်ဂျီအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့က ပူးတွဲရပ်တည်နေသော်လည်း ယခုရက်သတ္တပတ်အတွင်း ဂျူဗင်တပ်စ်အသင်း ရှုံးပွဲတွေ့ကြုံခဲ့ရသည့်အတွက် ရှုံးပွဲမရှိသေးသည့်အသင်းအဖြစ် ပီအက်စ်ဂျီအသင်းတစ်သင်းတည်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ ၁၉ ပွဲကစားပြီးချိန်တွင် ၁၄ ပွဲ အနိုင်ရရှိကာ ငါးပွဲသရေရလဒ်ထွက်ပေါ်ထားပြီး ရှုံးပွဲမရှိသေးဘဲ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယခုဘောလုံးရာသီ ရာသီဝက်ကာလကျော်လွန်ချိန် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပီအက်စ်ဂျီအသင်းနောက်၌ တစ်ပွဲတည်းသာရှုံးနိမ့်ထားသည့် အသင်းများအဖြစ် လီဗာပူးအသင်း၊ ဂျူဗင်တပ်စ်အသင်း၊ လေဗာကူဆင်အသင်း၊ အင်တာမီလန်အသင်းတို့သာ ရှိနေပြီး စပိန်လာလီဂါပြိုင်ပွဲမှ အသင်းများအနေဖြင့် တစ်ပွဲရှုံးနိမ့်သည့်အသင်းပင်မရှိတော့ဘဲ ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုအသင်းတို့က နှစ်ပွဲစီရှုံးနိမ့်ထားကြောင်း သိရသည်။

*Ref;Fotmob*

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အွန်နရီ၏ သွင်းဂိုးစံချိန်ကို ဆာလက်ချ်ကျော်ဖြတ်ပြီး အဆင့်(၇)နေရာသို့ ရောက်ရှိလာ



လန်ဒန် ဇန်နဝါရီ ၂၇

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အာဆင်နယ်အသင်းဂန္ထဝင်ကစားသမားဟောင်း အွန်နရီ၏သွင်းဂိုးစံချိန်ကို ဆာလက်ချ်က ကျော်ဖြတ်ပြီး အဆင့် (၇) နေရာသို့ ရောက်ရှိလာကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၃) အဖြစ် ကစားသည့် လီဗာပူးအသင်းက အစ်ဗ့်စ်ချ်အသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသောပွဲစဉ်၌ ပွဲချိန် ၃၅ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၇၆ ဂိုးအထိရှိလာပြီး အွန်နရီ၏သွင်းဂိုးစံချိန်ကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလက်ချ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ရိုးမားအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒုတိယအကြိမ်ကစားခဲ့ရာ၌ လီဗာပူးအသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ထိပ်တန်းကစားသမားတစ်ဦးအဖြစ်ပါ ရပ်တည်နေသူဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် နယူးကာဆယ်အသင်းကစားသမားဟောင်း အလန်ရှီးယားက သွင်းဂိုး ၂၆၀ ဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်း၏နောက်တွင် စပါးအသင်းကစားသမားဟောင်း ဟယ်ရီကိန်းက ၂၁၃ ဂိုး၊ မန်ယူအသင်းကစားသမားဟောင်းများဖြစ်သည့် ရွန်းနီက ၂၀၈ ဂိုး၊ အင်ဒီကိုးလ်က ၁၈၇ ဂိုး၊ မန်စီးတီးအသင်းကစားသမားဟောင်း အဂူရိုက ၁၈၄ ဂိုး၊ ချယ်လ်ဆီးအသင်းကစားသမားဟောင်း လမ်းပတ်က ၁၇၇ ဂိုး၊ ဆာလက်ချ်က ၁၇၆ ဂိုး၊ အွန်နရီက ၁၇၅ ဂိုး၊ လီဗာပူးအသင်းကစားသမားဟောင်း ဖောင်လာက ၁၆၃ ဂိုးနှင့် စပါးအသင်းကစားသမားဟောင်း ဒီဖိုးက ၁၆၂ ဂိုးဖြင့် ထိပ်ဆုံး ၁၀ ဦးစာရင်း၌ ရပ်တည်လျက်ရှိကြသည်။

ဆာလက်ချ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း သွင်းဂိုး ၅၁ ဂိုးဖြင့် အွန်နရီ၏ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ထားနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Premier League.com*

# နယူးယောက်ရက်ဘူးလ် အသင်းသို့ တီမိုဝါနာ ပြောင်းရွှေ့ကစားရန်နီးစပ်နေ

ဘာလင် ဇန်နဝါရီ ၂၇

လိုက်ပဇစ်အသင်းမှ စပါးအသင်းထံ အငှားစာချုပ်ဖြင့် ကစားနေသည့် တိုက်စစ်ကစားသမားတီမိုဝါနာသည် စပါးအသင်းနှင့် အငှားစာချုပ်ဖျက်သိမ်းပြီး မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူးလ်အသင်းထံ ပြောင်းရွှေ့ကစားနိုင်ရန်နီးစပ်နေကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် တီမိုဝါနာသည် ပြီးခဲ့သည့် ဘောလုံးရာသီက လိုက်ပဇစ်အသင်းမှ စပါးအသင်း ထံ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ပြီး တစ်ရာသီ အငှားစာချုပ် ထပ်မံသက်တမ်းတိုးခဲ့သည့်အတွက် ယခုဘောလုံးရာသီအကုန်မှသာ အငှားစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

သို့သော် တီမိုဝါနာအနေဖြင့် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဒဏ်ရာပြဿနာများကြောင့်သာ ရုန်းကန်နေရသည့်အတွက် စပါးအသင်းကလည်း ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင်ပင် လက်ကျန်အငှားစာချုပ်ကိုဖျက်သိမ်းကာ လမ်းခွဲလိုနေပြီး လိုက်ပဇစ်အသင်းနှင့် ပိုင်ရှင်တူအသင်းဖြစ်သည့် မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူးလ်အသင်းက ခေါ်ယူလိုနေသည့်အတွက် လက်ရှိတွင် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

## တွံတေးမွေးမြူရေးဇုန်ရှိ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တာဝန်ခံများက မွေးမြူရေးဇုန် အပိုင်း(၁)အတွင်း မွေးမြူရေးလုပ်ငန်းရှင် ၂၁ ဦး၊ ဇုန်အပိုင်း(၂)တွင် မွေးမြူရေးလုပ်ငန်းရှင် ၂၀ ဦး၊ ဇုန်အပိုင်း(၃)တွင် မွေးမြူရေးလုပ်ငန်းရှင် ၅၁ ဦးတို့က အသားတိုးကြက်၊ ဥစားကြက်၊ တိုင်းရင်းကြက်၊ ဆိတ်၊ ငုံး၊ အသားတိုးဝက်၊ နို့စားနွားနှင့် ဒေသနွားမျိုးများမွေးမြူထားရှိမှုအခြေအနေများကိုလည်းကောင်း၊ Universal Diamond Co.,Ltd. မှ နို့စားနွားမွေးမြူထားရှိမှုနှင့် BOSS ဒိန်ချဉ်ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့်မွေးမြူရေးတောင်သူများ၊ မွေးမြူရေးအစားအစာထုတ်လုပ်သူများက လုပ်ငန်းဆောင်ရွက်မှုကိုရှင်းလင်းတင်ပြသည်။


ထို့နောက် ဒုတိယဝန်ကြီးက ဒေသဝမ်းစာဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန်လိုအပ်ကြောင်း၊ မွေးမြူရေးကိုအခြေခံသည့်ခေတ်မီကုန်ချောထုတ်လုပ်မှုအားကောင်းလာစေရန် လုပ်ငန်းစဉ်တစ်လျှောက် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ ခိုင်မာသောဈေးကွက်ဖော်ဆောင်နိုင်ကြစေရန်၊ ဈေးကွက်နှင့်ကိုက်ညီသော အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးတောင်သူများ၏ ငုံးများမွေးမြူထားရှိမှုနှင့် ငုံးမွေးမြူရေးအဆောင်သစ်ဆောက်လုပ်နေမှု၊ အသားတိုးဝက်နှင့် အသားစားကြက်များမွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး)၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်လျက်ရှိသည့် ကျောင်းသားအိပ်ဆောင်များ၊ ရေချိုပုစွန်သားဖောက်ရုံ တည်ဆောက်နေမှု၊ ငါးခုံးမကြီး၊ ငါးတံခွန်၊ ရွှေဝါငါးကြင်းနှင့် ရောင်စုံငါးကြင်းများသားဖောက်နေမှုတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မတ္တရာမြို့နယ်၊ စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ပျက်စီးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စကျင်ရွာကို ဇန်နဝါရီလ ၂၆ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၃ ဦးထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းဒေသအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် လိုအပ်သည့်နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအတွင်းသို့ အကြောင်းမဲ့တစ်စုံတစ်ရာပစ်ခတ်ခဲ့မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ကျေးရွာများအား အကြောက်တရားလွှမ်းမိုးစေရန် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ လူနေအိမ်များပျက်စီးပြီး အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားလာစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၂၃ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၃၆၃၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၁၇၁၄၀)ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၂၆ ရက်**တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၉၈၀၁၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဇန်နဝါရီလ ၂၄ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုညဒသမ ၆၇၂)တန်၊ သစ်မာ(သုညဒသမ ၅၀၁)တန်၊ အခြားသစ်(၈ ဒသမ ၂၈၀)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၅၁၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ကျုံစုကျေးရွာ၊ မွေးမြူရေးဇုန်ရှိ အမှတ်(၇၄/က) သိုလှောင်ရုံ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၇၈၄၆၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၇၈၄၆၆)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၂၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၆ ဒသမ ၈၆၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၃၇၆၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်၊ ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၇၆၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၃ ရက်၊ ၂၄ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၅၇၁၄၇၈)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ (သတင်းစဉ်)

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကျောက်ခမောက်ရွာနေ ဇော်မင်း(ဘ)ဦးဝင်းမြင့် ၆/သရခ(နိုင်)၁၁၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၃၃၈၂၇၁

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကျောက်ခမောက်ရွာနေ မင်းပိုင်(ဘ)ဦးဝင်းမြင့် ၆/သရခ(နိုင်)၁၁၇၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၃၃၈၂၇၁

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ မွန်စံပြ(၆)လမ်းနေ ရာဇာမင်းအောင်(ဘ)ဦးဇော်နိုင်ဦး ၇/ပခန(နိုင်)၃၇၅၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ရွှေပြည်သာမြို့၊ စကားဝါလမ်း၊ ၃/၁၆/၄၇၁ နေ ရဲမင်းဟိန်း(ဘ)ဦးတင့်နိုင် ၁၂/ရပသ(နိုင်)၀၃၅၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၄၀၈၀၀၈

**ပျောက်ဆုံးကြောင်း**

မင်းဝေကျော်(ဘ)ဦးကျော်နိုင် ၇/ဖမန(နိုင်)၂၄၄၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နွယ်နီအောင်(ဘ)ဦးလှအောင် ၁၂/မဂတ(နိုင်)၀၁၅၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 973025)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၄၈၂၅၀၇၈

**စာပေမြင့်မှ လူမျိုးတင့်မည်**




### ပျောက်ဆုံးကြောင်း
မင်းသိန်းထွန်းအောင်(ဘ)ဦးမျိုးဆန်း ၃/ဘအန(နိုင်)၁၈၁၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 457175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဝင်းမင်းသိန်း(ဘ)ဦးမောင်မောင်သိန်း ၁၂/မရက(နိုင်)၁၁၇၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မအိသန္တာ(ဘ)ဦးမောင်ဇော် ၉/ရမသ(နိုင်)၂၁၇၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 646292)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်
ညောင်လေးပင်မြို့နယ်၊ အထက(ခွဲ) သံတံတား၊ Grade-8 မှ (ဘ)ဦးမျိုး ၇/ညလပ(နိုင်)၁၂၃၆၄၁ ၏သားအမည်မှန်မှာ မောင်ဘိုဘိုဟိန်းဖြစ်ပါကြောင်း။
မောင်ဘိုဘိုဟိန်း

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်စိန်
## အသက်(၈၇)နှစ်
သူငယ်ချင်း ဝင်းမြင့်ခိုင်၏ဖခင်ဖြစ်သူ ဦးမောင်စိန်သည် ၂၆-၁-၂၀၂၅ ရက်နေ့၊ ညနေ(၀၄:၅၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ**
**သူငယ်ချင်းမိသားစုများ**

### ငွေပေးချေမှုစနစ်တစ်ခု၏ Infrastructure ပိုင်းအတွက် ပစ္စည်းဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတောင်းခံခြင်း (Expressions of Interest)
၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုနေသည့် "ဘဏ်များအချင်းချင်းကွန်ရက်ချိတ်၍ ငွေပေးချေမှုများ၊ စာရင်းပြောင်းပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများအား လုံခြုံစွာပြုလုပ်နိုင်သောစနစ်" ဖြစ်သည့် CBM-NET System ၏ Infrastructure ပိုင်းတွင် လက်ရှိအသုံးပြုနေသည့် Hardware/Software/Middleware Products များအား Products အသစ်များဖြင့် အစားထိုးလဲလှယ်နိုင်ရေးအတွက် ပစ္စည်းများဝယ်ယူခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ဝင်စားသည့် ပြည်တွင်းနည်းပညာကုမ္ပဏီများအားဖိတ်ခေါ်ခြင်းဖြစ်ပါသည်။
၂။ စိတ်ဝင်စားသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်ထားသည့် အခြေခံအချက်အလက်များကို (၃၀-၁-၂၀၂၅)ရက်နေ့မှ (၃၁-၁-၂၀၂၅) ရက်နေ့ ရုံးချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ၀၆၇-၄၁၈၂၉၇ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)၊ ရုံးအမှတ်(၂၆)က၊ စက်မှု(၁)လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၁၉-၅၅၉၄၈၉ သို့လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ခရိုင်(၁၄)ခရိုင်ရှိမြို့နယ်များတွင် ကန်ထရိုက်တိုက်များ ဓာတ်အားရရှိရေးအတွက် လိုအပ်သောပစ္စည်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၈-၁-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ (၁၁-၂-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
ဝေမာမြင့်(ဘ)ဦးတင်ထွန်း ၁၂/ရပသ(နိုင်)၀၅၆၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဖြူသွယ်စိုး(ဘ)ဦးကျော်ဝင်းစိန် ၉/ရမသ(နိုင်)၂၂၀၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 125590)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နန့်ဂေးစိန်(ဘ)မန်းအေးကျော် ၁၂/အစန(နိုင်)၀၄၀၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၁၅၀၄၄

### ပျောက်ဆုံးကြောင်း
ခိုင်ခန့်စိုး(ဘ)ဦးကျော်တေဇ ၁၂/စခန(နိုင်)၀၇၁၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၄၂၇၀၄၅

### ပျောက်ဆုံးကြောင်း
ထိန်လင်းလှိုင်(ဘ)ဦးစန်းမောင် ၈/ပခက(နိုင်)၂၆၇၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
လော်ကျင်းရှော်(ဘ)ဦးလော်ဆင်းလျှံ ၁၃/လရန(နိုင်)၂၃၇၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 901647)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဖိုးနွန်ထားရီး(ဘ)ဦးဖိုးမှားငိုက်ယာ ၅/ခပန(နိုင်)၀၁၄၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်မောင်ဝင်း(ဘ)ဦးခင်ဝင်း ၁၂/သကတ(နိုင်)၀၂၉၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၄၂၇၀၄၅

### ပျောက်ဆုံးကြောင်း
ခန့်နွမ်းကျင်း(ဘ)ဦးဒါးလ်ခန့်ဂင်း ၅/မသန(နိုင်)၀၀၅၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နော်စေးနေပဲ(ဘ)စောအယ်တော ၇/ထတပ(နိုင်)၁၂၈၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၁၁၂၉၁၄၂

### ပျောက်ဆုံးကြောင်း
ဝေယံလင်း(ဘ)ဦးကြည်လင်း ၁၄/ဇလန(နိုင်)၁၇၈၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၁၁၂၉၁၄၂

### ပျောက်ဆုံးကြောင်း
တေဇာလင်း(ဘ)ဦးကြည်လင်း ၁၄/ဇလန(နိုင်)၁၇၄၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၁၁၂၉၁၄၂

### ပျောက်ဆုံးကြောင်း
ကောင်းထက်ကျော်ဇင်(ဘ)ဦးဇော် ၇/ထတပ(နိုင်)၁၃၈၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အိအိ(ဘ)ဦးဟန်ညွန့် ၁၂/လကန(နိုင်)၁၃၂၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၈၁၂၇၈

### ပျောက်ဆုံးကြောင်း
ကျော်ကိုနိုင်(ဘ)ဦးမြင့်ဦး ၁၂/မဂဒ(နိုင်)၀၀၃၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၆၀၀၆၆၆

### ပျောက်ဆုံးကြောင်း
မိုးမိုးဖြူ(ဘ)ဦးကောင်းကြည် ၁၄/ရကန(နိုင်)၀၆၆၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၂၀၀၀၉၃

### ပျောက်ဆုံးကြောင်း
မင်းလွင်ဦး(ဘ)ဦးစမာအင် ၇/ဝမန(နိုင်)၁၁၀၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 266640)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၁၂၃၆၇

### ပျောက်ဆုံးကြောင်း
မောင်ရဲ(ဘ)ဦးအောင်မြင့်ဦး ၁၂/သဃက(နိုင်)၂၂၄၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၇၇၅၈၁၁

### ပျောက်ဆုံးကြောင်း
အိအိဖြိုး(ဘ)ဦးသိန်းထွန်း ၁၂/ခရန(နိုင်)၁၁၀၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 137204)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၈၁၀၂၀၂

### ပျောက်ဆုံးကြောင်း
ဇော်မင်းထွန်း(ဘ)ဦးလူအေး ၈/တလန(နိုင်)၀၄၃၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၂၁၁၇၈၃

### ပျောက်ဆုံးကြောင်း
ဇော်ဇော်(ဘ)ဦးဘဦး ၁၂/ရပသ(နိုင်)၀၅၉၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၇၈၂၆၈၇

### ပျောက်ဆုံးကြောင်း
ဘသက်ခိုင်(ဘ)ဦးဘညို ၁၂/အစန(နိုင်)၀၁၅၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၉၁၃၁၄၇

### ပျောက်ဆုံးကြောင်း
ဝေယံထွန်း(ဘ)ဦးသန်းဦး ၁၄/ရကန(နိုင်)၁၄၂၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 138974)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၂၈၈၁၂၉

### ပျောက်ဆုံးကြောင်း
ချိုချို(ဘ)ဦးစောချစ် ၁၃/တကန(နိုင်)၀၃၄၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 013970)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
နိုင်ဝင်း(ဘ)ဦးမျိုးညွန့် ၁၂/မရက(နိုင်)၁၄၄၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၆၂၇၉၀၇

### ပျောက်ဆုံးကြောင်း
ဒေါ်လှယဉ်ဝင်း(ဘ)ဦးသိန်းရင် ၁၃/လရန(နိုင်)၀၆၈၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 107777)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၉၀၆၇၁

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာ
မြင်းခြံမြို့၊ အမှတ်(၂၀)ရပ်ကွက်၊ တောင်ပိုင်းနေ၊ အရှေ့လားသော် လမ်း၊ အနောက်လားသော် ဦးဇော်နိုင် နေအိမ်၊ တောင်လားသော် ဒေါ်ခင်မျိုးညွန့် နေအိမ်၊ မြောက်လားသော် လမ်း၊ ယင်းနယ်လေးရပ်အတွင်းရှိ ဝိုင်းမြေ(အလျား ၄၀'-၀" x အနံ ၆၀'-၀")ရှိသော ဒေါ်ခင်ဝမ်း(၉/မခန(နိုင်)၀၃၀၆၈၉)ကိုင်ဆောင်သူမှ(အလျား ၃၀'-၀" x အနံ ၂၈'-၀")RC(၂)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာ
မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ နယ်မြေ(၇)အတွင်းရှိ အရှေ့လားသော် လမ်းမြေ၊ အနောက်လားသော် ဒေါ်ကြည် နေအိမ်၊ တောင်လားသော် ဒေါ်သင်းသင်းဆွေ နေအိမ်၊ မြောက်လားသော် ဒေါ်ဝေဖြိုးလှိုင် နေအိမ်၊ ယင်းနယ်လေးရပ်အတွင်းရှိ ဝိုင်းမြေ(အလျား ၁၈'-၀" x အနံ ၆၀'-၀") ရှိသော ဝိုင်းမြေတွင် ဦးမြင့်သိန်း(၉/မခန(နိုင်)၂၁၅၁၆၄)ကိုင်ဆောင်သူမှ(အလျား ၆၇'-၀") အုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ မခိုင်ဝါဦး(ဘ)ဦးအေးကျော်လွင် ၇/ဒဥန(နိုင်)၁၅၀၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကောင်းဇော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ကျော်စစ်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်းဦး ၁၂/ဗတထ(နိုင်)၀၀၄၃၆၇ ဖြစ်ပါကြောင်း။

**ဦးကျော်သန်းဦး**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာ
မြင်းခြံမြို့၊ မြေကွက်အမှတ်(၇/င-၁၄)၊ ဝိုင်းမြေ(အလျား ၃၀'-၀" x အနံ ၄၀'-၀")ဦးဘိုးချောင်းအမည်ပေါက် ဝိုင်းမြေပေါ်တွင် ဒေါ်ဝိုင်းမို့မို့(၈/ရစက(နိုင်)၁၉၇၅၀၇)ကိုင်ဆောင်သူမှ (အလျား ၃၅'-၀" x အနံ ၂၅'-၀")Iron Frame(၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာ
မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဂတန်း၊ မြေကွက်အမှတ်(၁-၁၈) (အလျား ၃၀'-၀" x အနံ ၄၀'-၀") ဝိုင်းမြေ ဦးဖိုးဌေးအမည်ပေါက်ဝိုင်းမြေပေါ်တွင် ဒေါ်မြင့်ဝင်း(၉/မခန(နိုင်)၀၅၀၈၄၃)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀")အုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ မခင်သဲ(ဘ)ဦးဘိုကြည် ၁၂/သဃက(နိုင်)၁၇၁၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း
အရာတော်မြို့၊ လိန်လှရွာနေ မသန္တာခိုင်(ဘ)ဦးလင်း ၅/အရတ(နိုင်)၁၈၇၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 458389)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးအောင်(ဘ)ဦးခင်မောင်ထွန်း ၁၂/ဒဂတ(နိုင်)၀၆၂၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 881267)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၅၄၅၆၃၂

### ပျောက်ဆုံးကြောင်း
သန္တာလှိုင်(ဘ)ဦးညွန့်ဝင်း ၈/နမန(နိုင်)၂၄၈၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 725564)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၂၄၉၅၅၇

### ပျောက်ဆုံးကြောင်း
ထက်ဖြိုးဝေ(ဘ)ဦးကုလား ၉/မခန(နိုင်)၃၀၂၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 528981)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၈၉၀၂၀၁၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို . . .**

**❖ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# MNL အမှတ်ပေးပြိုင်ပွဲတွင် နောက်ကျဂိုးဖြင့် ဒဂုံစတားအသင်း နိုင်ပွဲရရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) စတုတ္ထနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးပေါက်ပျောက်ခဲ့သော်လည်း ဒုတိယပိုင်းတွင် အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက နောက်ကျဂိုးဖြင့် အနိုင်ရရှိသည်။ စာမျက်နှာ ၂၉ ကော်လံ ၁ ■





# ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပေး

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းသည် ဆေးဝါးသုံးစွဲသူပြည်သူများ သင့်တင့်မျှတသောဈေးနှုန်းများဖြင့် အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်နှင့် ဆေးဝါးများမပြတ်လပ်စေရေးအတွက် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ(မြင်းရုပ်အနီး)၌ ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲအား ဇန်နဝါရီလ ၂၇ ရက်မှ စာမျက်နှာ ၁၁ ကော်လံ ၃ ❐

## နိုင်ငံတကာသတင်း

**သြစတြေးလျ အရှေ့တောင်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဒေသအများအပြားတွင် မီးအသုံးပြုမှုတားမြစ်ချက်များထုတ်ပြန်** စာ - ၂၂ သို့

**BRICS အဖွဲ့နှင့် ကုန်သွယ်မှုတိုးမြှင့်၍ လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် ချမှတ်နိုင်ရေး မလေးရှားလုပ်ဆောင်မည်** စာ - ၂၃ သို့

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့ ဖျာပုံမြို့နယ်၊ ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာ - ၁၇ သို့

